# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၂၆၁)၊ ၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်၊ ၂၆-၈-၂၀၂၆၊ ဗုဒ္ဓဟူးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၂၅

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ (မိုး/ဧလ)



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

### ဒေသတွင်းမိတ်ဖက်နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများ၏ အားသာချက်များနှင့် မိမိတို့နိုင်ငံ၏ အားသာချက်များကို ပေါင်းစပ်၍ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ★

## ကျောက်ပန်းတောင်းမြို့နယ်တွင် မိုးကောင်းသောက်စပါးများ စတင်စိုက်ပျိုး

ညောင်ဦး ဩဂုတ် ၂၅

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်တောင်သူများသည် မိုးရွာသွန်းမှုနှင့်အတူ မိုးကောင်းသောက်စပါးမျိုးများ စတင်စိုက်ပျိုးနေကြပြီဖြစ်ကြောင်း ကျောက်ပန်းတောင်းမြို့နယ် ကန်ပတ်လည်အုပ်စု ညောင်ဦးဖြူပင် ကျေးရွာ မိုးကောင်းသောက် စပါးစိုက်ပျိုးတောင်သူ ဦးရာတင်ထံက သိရသည်။

ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်တောင်သူများသည် မိုးကောင်းသောက်စပါး စိုက်ပျိုးခြင်းအား မိုးချိုသောက်စပါးဟုလည်း ခေါ်ဆိုကြောင်း မိုးရွာသွန်းချိန် စပါးစိုက်မည့် ယာမြေ၊ လယ်မြေထဲသို့ မိုးရွာသွန်းချိန်တွင် မိုးရေမြောင်းများပြုလုပ်ပြီး စပါးစိုက်ပျိုးမည့် လယ်အတွင်းသို့ မြောင်းသွယ်ကာ မိုးရေဝင်ရောက်စေကြောင်း၊ အညာဒေသတွင် ဇွန်လ နောက်ဆုံးပတ်မှ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လတို့တွင် မိုးရွာသွန်းမှုများကာ မိုးကောင်းသောက်စပါးမျိုးများ စတင်ပျိုးထောင်ကြကြောင်း သိရသည်။



ကျောက်ပန်းတောင်းမြို့နယ်တွင် မိုးကောင်းသောက်စပါး စိုက်ပျိုးမှုများပြားကာ ပျိုးထောင်ချိန်များတွင်လည်း အထွက်နှုန်းကောင်းမွန်သည့် စပါးမျိုးများအား ပျိုးထောင်ကြကြောင်း၊ ရွှေမနော်၊ ဧရာပဒေသာ၊ ပုလဲသွယ်စပါးမျိုးများအား ပျိုးထောင်စိုက်ပျိုးကြကြောင်း၊ စပါးပျိုးသက် ၂၁ ရက်မှ ၄၅ ရက်သားအတွင်း စပါးစိုက်မည့် လယ်ထဲသို့ ရွှေ့ပြောင်းစိုက်ပျိုးကြကြောင်းလည်း သိရသည်။

မိုးကောင်းသောက်စပါးသည် မိုးပုံမှန်ရွာသွန်းရုံဖြင့် အောင်မြင်ဖြစ်ထွန်းပြီး တစ်ဧကအထွက်နှုန်း ကောင်းမွန်ကြောင်း တစ်ဧက ၈၅ တင်းမှ ၁၁၀ တင်း ထွက်ရှိကြောင်း သိရပြီး ကျောက်ပန်းတောင်းမြို့နယ်၊ ကြက်မောက်တောင်ဆည် အထက်ဘက် ကျေးရွာများဖြစ်သည့် ဝွေးကုန်းရွာ၊ လက်ပံအိုင့်ရွာ၊ လဲပွရွာ၊ မုန့်ကုန်းရွာ၊ ဆပ်ပြာကျင်းရွာ၊ ညောင်ဖြူပင်ရွာ၊ ရွာသစ်၊ ကန်ပတ်လည်၊ ဆန်းလှကျေးရွာများသည် မိုးကောင်းသောက်စပါး စိုက်ပျိုးကြသည့် ကျေးရွာများဖြစ်ကြကာ မိုးပုံမှန်ရွာသွန်းနေရုံဖြင့် စပါးခင်းများ အောင်မြင်ဖြစ်ထွန်းကြကြောင်း၊ လဲပွကျေးရွာတွင် မိုးကောင်းသောက်စပါးကို အားထားစိုက်ပျိုးကြပြီး သီတင်းကျွတ်၊ တန်ဆောင်မုန်းလတို့တွင် နို့ရည်စထည့်ကာ မိုးအကုန် ဆောင်းဦးပေါက်တွင် စပါးများ ရင့်မှည့်ပြီး ရိတ်သိမ်းလေ့ရှိကြောင်း၊ စပါးရိတ်သိမ်းပြီး ခြွေလှေ့ပြီးပါက စပါးပင်(ကောက်ရိုး)ကို နွားစာအဖြစ် အသုံးပြုခြင်း၊ တဲမိုးခြင်းနှင့် မြေဆွေးပြန်လည် အသုံးပြုခြင်းတို့ ပြုလုပ်ကြကြောင်း သိရပြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်တောင်သူများ မိုးကောင်းသောက်စပါးများ စတင်စိုက်ပျိုးနေကြပြီဖြစ်ကြောင်း သိရသည်။

(၄၈၁)

ဝ-ဝ-ဝ-ဝ-ဝ

၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့။

## သဘာဝပတ်ဝန်းကျင်အလှ

သဘာဝပတ်ဝန်းကျင်အလှကို စာဖွဲ့၍မမီပါ။ ပန်းချီစုတ်ချက်ဖြင့်လည်းအပြည့်အဝ မဖော်ကျူးနိုင်ပါ။ အကြောင်းမူကား သဘာဝပတ်ဝန်းကျင်ထဲတွင် တော၊ တောင်၊ ရေ၊ မြေ၊ သစ်ပင်၊ ပန်းမန်၊ မြစ်ချောင်း၊ အင်း၊ အိုင်၊ ကောင်းကင်၊ သဲသောင်၊ စိုက်ခင်းစသဖြင့် အမျိုးစုံစွာ ပါရှိသည့် အပြင် တစ်မျိုးစီ၏ အလှတရား တို့မှာလည်း ဖော်ကျူး၍ မဆုံးနိုင်အောင် ထူးခြားများပြားလွန်းလှသောကြောင့်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်အလှများထဲတွင် စိမ်းစိုအုံ့မှိုင်းထူထပ်စွာတည်ရှိနေသောတော၊ တောင်များသည် လူသားတို့၏ စိတ်နှလုံးကို အသစ်တစ်ဖန် စိမ်းစိုလန်းဆန်းစေနိုင်သော အလှတရားပင်ဖြစ်သည်။ အဝေးတစ်နေရာမှ လှမ်းမျှော်ကြည့်လိုက်လျှင်ပင် တောတန်းကြီးများ၏ စိမ်းစိုသာယာလှပမှုက မွန်းကြပ်နေသောမြို့ပြနှင့် ကွာခြားမှုကို တွေ့မြင်ရမည်ဖြစ်သည်။ တောတွင်းခရီးသွားလာသူများသည်လည်း နေပြောက်မထိုးသောအုပ်ဆိုင်းမှုနှင့် ဆန်းပြားသောမြင်ကွင်းများကို တအံ့တသြဖြစ်ကြရမည်ဖြစ်သည်။

ထို့ပြင် တောတောင် ဟူသည့် ကွဲပြားခြားနားစွာ မြင့်တက်နေသော ကုန်းမြေသည်လည်း သဘာဝပတ်ဝန်းကျင် အလှရတနာတစ်ပါးဖြစ်သည်။ မှိုင်းညို့ညို့တောင်တန်းကြီးများသည် အဝေးမှ လှမ်းမျှော်ကြည့်လိုက်လျှင် လှိုင်းသဖွယ် မြင့်တစ်ခါ နိမ့်တစ်လှည့်ဖြစ်နေသည်။မြင်ရသူများ၏ စိတ်နှလုံး အေးချမ်းစေမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ထဲတွင် ပုံစံစုံမြင်တွေ့နေရသော တောင်တန်း၊ တောင်ကုန်းတို့သည်လည်း မတူညီသော အလှတို့ဖြင့် လူသားတိုကို ဆွဲဆောင်လျက်ရှိသည်။ တောင်တန်းကြီးများတွင် တသွင်သွင်စီးဆင်းနေသော စမ်းချောင်းလေးများ၊ ရေတံခွန်များ၊ ပြေးနေသောတိမ်တိုက်ကြီးများကလည်း သဘာဝပတ်ဝန်းကျင် အလှများဖြစ်သည်။

သဘာဝပတ်ဝန်းကျင်အလှများတွင် မြစ်ချောင်း၊ အင်းအိုင်တို့၏ အလှများလည်းပါဝင်နေသည်။ ကြည်လင်ဖြူစင်မှု၊ အားမာန်ပြည့်ဝမှုတို့ဖြင့် မြင့်ရာမှ နိမ့်ရာဆီသို့ သူတို့၏ဦးတည်ရာဖြစ်သော ပြာလဲ့လဲ့ပင်လယ်ကြီးဆီသို့ ဦးတည်ချက်ရှိရှိ စီးဆင်းနေသော မြစ်များ၊ ချောင်းများသည်လည်း အေးဆေးတည်ငြိမ်မှုနှင့်အတူ အလွန်လှပသော သဘာဝပတ်ဝန်းကျင်ကို ဖန်တီးပေးလျက်ရှိသည်။

ဇီဝမျိုးကွဲပေါင်း သန်းပေါင်းများစွာရှိနေသည့် သစ်ပင်မျိုးကွဲပေါင်းများစွာတို့သည်လည်း လောကကြီးတွင် ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိနေခဲ့သော အလှတရားပင်ဖြစ်သည်။ မြေပေါ်ပေါက်ရောက်နေသောအပင်၊ ရေပေါ်၊ ရေအောက် ပေါက်ရောက်နေသောအပင်၊ တွယ်ကပ်ပေါက်ရောက်နေသောအပင်စသည်တို့မှာ အမျိုးအစားစုံလင်လှပြီး သဘာဝပတ်ဝန်းကျင်အလှပင်ဖြစ်သည်။ ထို့အတူ အရွက်ပုံစံအစုံ၊ အရောင်အသွေးစုံလင်လှသောပန်းမျိုးစုံတို့သည်လည်း သဘာဝပတ်ဝန်းကျင်အလှပင်ဖြစ်သည်။

ကောင်းကင်ယံ၌ တိမ်တိုက်လေးများဝဲကာ၊ ဝိုက်ခကူးလူး ယှက်ဖြာ မြူးတူးပျော်ပါး ကစားနေကြသည်က လောကလူသားများ၏ ထက်ဝန်းကျင်တွင် မားမားမတ်မတ်ရပ်လျက် မိုးကောင်းကင်ကြီး၏ သဘာဝပတ်ဝန်းကျင်အလှပင်ဖြစ်သည်။

ပင်လယ်နှင့် ကုန်းမြေထိစပ်လျက်ရှိသော ကမ်းခြေအလှသည်လည်း ထူးခြားသော သဘာဝပတ်ဝန်းကျင်အလှဖြစ်သည်။ပင်လယ်ကြီးကို ရှုမြင်ရသူတိုင်းသည်လည်း စိတ်နှလုံးကို သာယာအေးချမ်းစေမည်ဖြစ်သည်။

သို့ဖြစ်ရာ သဘာဝပတ်ဝန်းကျင်အလှတို့သည် အလှတရားများထဲတွင် ထူးခြားစွာလှပနေသော အလှတရားများဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အခြားသောအလှတရားတို့သည် အခြေအနေ အချိန်အခါကို လိုက်၍ ပြောင်းလဲနိုင်သော်လည်း ထိုအလှတို့သည် ပျက်စီးမှုမရှိသမျှ မပြောင်းလဲနိုင်ပါ။ သဘာဝပတ်ဝန်းကျင်အလှတို့မှာ မည်သည့်အခါမှ ပြောင်းလဲမည်မဟုတ်သောကြောင့် ထာဝရထိန်းသိမ်းစောင့်ရှောက် နေရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးထင်အောင်ကျော်ကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ပျော်ဘွယ်မြို့နယ်ရှိ ပဲစောင်းလျားသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းကာ တောင်သူများအဆင်ပြေလျက်ရှိ

**ပျော်ဘွယ် ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ မိုးနံကုန်း ကျေးရွာ၌ မြေအောက်ရေကို အမှီပြု၍ တစ်ပိုင်တစ်နိုင် မိသားစု ဝင်ငွေရရှိရေးအတွက် ဟင်းသီး ဟင်းရွက်နှင့် စားပင်သီးနှံမျိုးစုံကို စီးပွားဖြစ်စိုက်ပျိုးလျက်ရှိရာ ပဲစောင်းလျားသီးနှံ စိုက်ပျိုးရေး လုပ်ငန်းမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

မိုးနံကုန်းကျေးရွာနှင့် အနီးဝန်းကျင်ရှိ ဒေသခံတောင်သူများသည် ပဲစောင်းလျားသီးနှံကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြပြီး နွယ်ပင်အမျိုးအစားဖြစ်သည့်အတွက် စင်တင်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း သိရသည်။ ပဲစောင်းလျားသီးနှံကို စိုက်ပျိုးပြီး တစ်လသားခန့်တွင် စတင်ဆွတ်ခူးနိုင်ကာ စနစ်တကျပြုစုစောင့်ရှောက်ပေးပါက အသီးများ ဆက်လက် ထွက်ရှိကြောင်း သိရသည်။

ထွက်ရှိလာသော ပဲစောင်းလျားသီးများကို ဒေသတွင်းဈေးကွက်များသို့ ရောင်းချလျက်ရှိပြီး တစ်ဧကလျှင် ခန့်မှန်းခြေ ပိဿာ ၂၅၀၀၀ ခန့်အထိ ထွက်ရှိနိုင်သဖြင့် ပဲစောင်းလျားသီးနှံ စိုက်ပျိုးသူ တောင်သူများအနေဖြင့် မိသားစုဝင်ငွေရရှိရေးအတွက် အထောက်အကူဖြစ်ကာ စီးပွားရေးအနေဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်စွာထက်(ပျော်ဘွယ်)**

## သာစည်မြို့အထက(၁)၌ အခြေခံရှေးဦးပြုစုခြင်းသင်တန်းဖွင့်လှစ်

**သာစည် ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကြက်ခြေနီအသင်းခွဲက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ အသိပညာပေးဟောပြောပွဲများနှင့် အခြေခံရှေးဦးပြုစုခြင်းသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ ယနေ့ နံနက် ၉ နာရီက သာစည်မြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် သင်တန်းဖွင့်လှစ်ကြောင်း သိရသည်။

ရှေးဦးစွာ သင်တန်းသားများအား ကြက်ခြေနီအသင်းနှင့် ပတ်သက်သော အကြောင်းအရာများနှင့် အခြေခံရှေးဦးပြုစုခြင်းများဆိုင်ရာ အသိပညာဗဟုသုတများကို ဆန်းစစ်ဖြေဆိုစေသည်။ ထို့နောက်သင်တန်းကို ဆက်လက်ပို့ချသည်။ အဆိုပါသင်တန်းတွင် ကျောင်းသား၊ ကျောင်းသူ ၂၄ ဦး၊ ပြင်ပမှ တက်ရောက်လိုသူ ခုနစ်ဦး စုစုပေါင်း သင်တန်းသား ၃၁ ဦး တက်ရောက်ကြပြီး မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ဒုတပ်ဖွဲ့မှူးမြတ်ဝါမင်းနှင့် ဒုတပ်ခွဲမှူးကျော်စိုး အပါအဝင် နည်းပြလေးဦးတို့က အခြေခံရှေးဦးပြုစုခြင်းများကို နေ့စဉ်နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီအထိ စာတွေ့လက်တွေ့ သုံးရက်ကြာ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၈၇)

၀-၀-၀-၀-၀

## မဟာမြိုင်ပရဟိတ အခမဲ့ဆေးခန်းသို့ ငွေကျပ် ၁၀ သိန်းလှူဒါန်း

**မန္တလေး ဩဂုတ် ၂၅**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်ရှိ မဟာမြိုင်ပရဟိတအခမဲ့ဆေးခန်းသို့ အလှူငွေလှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါဆေးခန်း၌ ကျင်းပသည်။

အလှူငွေလှူဒါန်းပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးယဉ်မောင်ဟိန်း၊ လွှတ်တော်ကိုယ်စားလှယ် PR ဒေါ်ခိုင်ဝေဝေဖြိုး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အတွင်းရေးမှူး ဦးနေမင်းဦး၊ ကော်မတီဝင်များ၊ ရပ်/ကျေးပါတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးယဉ်မောင်ဟိန်း၊ ဒေါ်အေးအေးမြင့်၊ ဒေါ်ခိုင်ဝေဝေဖြိုး၊ ဦးအောင်စိုးမိုး+ဒေါ်လွင်လွင်မော် မိသားစုနှင့် တာဝန်ရှိသူများက မဟာမြိုင်ပရဟိတအခမဲ့ဆေးခန်းသို့ ငွေကျပ် ၁၀ သိန်းကို လှူဒါန်းကြရာ ဆေးခန်းနာယကကြီးများဖြစ်ကြသော ဦးစိုးတင့်၊ ဦးမင်းနိုင်နှင့် ဦးထွန်းလှိုင်ဦးတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(၀၄၀)



## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးအသိပညာပေး Talk Show ဆွေးနွေး

**မန္တလေး ဩဂုတ် ၂၅**

အများပြည်သူများအနေဖြင့် ကျန်းမာရေး အသိပညာဗဟုသုတများစွာ ရရှိစေရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးအသိပညာပေး Talk Show ဆွေးနွေးခြင်းကို အဆိုပါရုံးရှိ Community Center အစည်းအဝေးခန်းမ၌ ယမန်နေ့ မွန်းလွဲပိုင်းက ဆောင်ရွက်ခဲ့သည်။




အသိပညာပေး Talk Show ဆွေးနွေးရာတွင် ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေနှယ်ထွန်းတို့က “ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါ ဆိုတာဘာလဲ၊ ရောဂါကူးစက်ဖြစ်ပွားမှုများ၊ ရောဂါလက္ခဏာများ၊ ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့် လိုက်နာကျင့်သုံးရမည့် အချက်များ” စတဲ့ အကြောင်းအရာများကို အခြေခံကာ ဆွေးနွေးပြောကြားခဲ့သည်။

အများပြည်သူများ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါမှ ကင်းဝေးစေရေးအတွက် ဆောင်ရန်ရှောင်ရန် အချက်များကို လိုက်နာသွားကြရန် ဒေါ်မေနှယ်ထွန်းက ဖြည့်စွက်ပြောကြားခဲ့သည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူများ အသိပညာဗဟုသုတများစွာ ကြွယ်ဝစေရေးအတွက် ပြည်သူ့အကျိုးပြု ခေါင်းစဉ်ရပ်များဖြင့် အသိပညာပေး Talk Show ဆွေးနွေးပွဲများကို စဉ်ဆက်မပျက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချမ်းမြေ့မောင်(ချမ်း/စံ)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

**❖ ဒေသတွင်းမိတ်ဖက်နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများသို့ ချစ်ကြည်ရေး ခရီးစဉ်များ သွားရောက်ခြင်းအားဖြင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ကူးလူးဆက်ဆံမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့တွင် ဘက်စုံကဏ္ဍစုံ၌ အားကောင်းခိုင်မာစေမည်ဖြစ်ပြီး မြင်တွေ့လေ့လာခဲ့ရသည့် ၎င်းတို့နိုင်ငံများ၏ အားသာချက်များ၊ ကောင်းမွန်သည့်အချက်များကို မိမိတို့အနေဖြင့် လေ့လာဆန်းစစ် အသုံးချဆောင်ရွက်သွားကြရမည်**

★ ရှေ့ဖုံးမှ

### ပြည်ပခရီးစဉ်များ သွားရောက်နိုင်ခြင်းအားဖြင့် နိုင်ငံတကာသံတမန်ရေးရာနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ကူးလူးဆက်ဆံမှု၊ ပူးပေါင်း ဆောင်ရွက်မှုတို့တွင် ဘက်စုံကဏ္ဍစုံ၌ ပိုမိုခိုင်မာအားကောင်းစေမည်

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကား ပြောကြားရာတွင် မိမိအနေဖြင့် ဩဂုတ်လအတွင်း ထိုင်းနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သို့ အဆိုပါနိုင်ငံများမှအကြီးအကဲများ၏ ဖိတ်ကြားချက်များအရ သွားရောက်ခဲ့ကြောင်း၊ ပထမဦးစွာ ထိုင်းနိုင်ငံသို့ သွားရောက်သည့်ခရီးစဉ်အတွင်း နှစ်နိုင်ငံနှင့်နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံမှုများ ပိုမိုတိုးတက်ခိုင်မာလာစေရေးနှင့် ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများ၊ နယ်စပ်ဒေသလုံခြုံတည်ငြိမ်အေးချမ်းရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ထိုင်းနိုင်ငံသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများ၊ ရွှေ့ပြောင်းလုပ်သားများနှင့် ပတ်သက်၍လည်း ၎င်းတို့သည် မြန်မာနိုင်ငံသားများပင် ဖြစ်သည့်အတွက် ၎င်းတို့ဘေးကင်းလုံခြုံရေးနှင့် အလုပ်သမားအခွင့်အရေးများ အပြည့်အဝရရှိစေရေး၊ နှစ်နိုင်ငံဥပဒေများနှင့်အညီ အကာအကွယ်ပေးနိုင်ရေး ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံ အမျိုးသားလွှတ်တော်ယာယီဥက္ကဋ္ဌတို့နှင့် တွေ့ဆုံစဉ် အလေးအနက်ထား ထည့်သွင်းဆွေးနွေးနိုင်ခဲ့ကြောင်း။

မကြာသေးမီ ရက်ပိုင်းအတွင်းက သွားရောက်ခဲ့သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သို့ ခရီးစဉ်များတွင်လည်း ချစ်ကြည်ရင်းနှီးမှုနှင့် ကူးလူးဆက်ဆံမှုတိုးမြှင့်နိုင်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေး၊ ပညာရေးနှင့် လျှပ်စစ်စွမ်းအင်ကဏ္ဍ၊ သိပ္ပံနှင့် နည်းပညာကဏ္ဍ၊ အာကာသနည်းပညာနှင့် ကာကွယ်ရေး၊ စက်မှုလက်မှု ကဏ္ဍများအပါအဝင် နယ်ပယ်စုံကဏ္ဍစုံမှ အောင်မြင်သည့် ဆွေးနွေးမှုရလဒ်များ ထွက်ပေါ်လာအောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ အကောင်အထည်ဖော်

**❖ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ ရရှိရေးသည် မဖြစ်မနေလိုအပ်ချက်တစ်ခုပင်ဖြစ်**

**❖ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များနှင့်ပတ်သက်၍ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများ၌ ဈေးကွက်လိုအပ်ချက်များစွာရှိပြီးဖြစ်သဖြင့် အဆိုပါ ဈေးကွက်လိုအပ်ချက်ကို ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်လာစေမည်**

ဆောင်ရွက်လျက်ရှိရာတွင် အိမ်နီးချင်းနိုင်ငံများ၏ ပထဝီနိုင်ငံရေးအရ အရေးပါမှုနှင့် အဓိကကျသည့် ကုန်သွယ်ရေး အချက်အချာဆက်သွယ်ရေး လမ်းကြောင်းများကိုလည်း သိရှိထားကြရန်လိုကြောင်း၊ ဒေသတွင်းမိတ်ဖက်နိုင်ငံများနှင့် **အိမ်နီးချင်းနိုင်ငံများ၏ အားသာချက်များနှင့် မိမိတို့နိုင်ငံ၏ အားသာချက်များကို ပေါင်းစပ်၍ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်း၊ ယခုကဲ့သို့ ဒေသတွင်းမိတ်ဖက်နိုင်ငံများနှင့် **အိမ်နီးချင်းနိုင်ငံများသို့ ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခြင်းအားဖြင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ကူးလူးဆက်ဆံမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့တွင် ဘက်စုံကဏ္ဍစုံ၌ အားကောင်းခိုင်မာစေမည် ဖြစ်ပြီး မြင်တွေ့လေ့လာခဲ့ရသည့် ၎င်းတို့နိုင်ငံများ၏ အားသာချက်များ၊ ကောင်းမွန်သည့်အချက်များကို မိမိတို့အနေဖြင့် လေ့လာဆန်းစစ်အသုံးချဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း။**

### နိုင်ငံ့စီးပွားနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး အမှန်တကယ် အလုပ်လုပ်ကြရန်လို

နိုင်ငံတော်တွင် ခေတ်အဆက်ဆက်က ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခများကို ပြန်ပြောင်းလေ့လာကြည့်မည်ဆိုပါက စီးပွားရေးကျဆင်းမှုကို အဓိကအခြေခံ၍ ဖြစ်ပေါ်ခဲ့ရခြင်း ဖြစ်သည်ကို သမိုင်းမှတ်တမ်းများတွင် တွေ့မြင်နိုင်ကြောင်း၊ သို့ဖြစ်၍ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့် ပကတိအခြေအနေမှန်များကို မှန်မှန်ကန်ကန်ဖြင့် တင်ပြကြရန်လိုကြောင်း၊ တင်ပြသည့် ကိန်းဂဏန်း အချက်အလက်များကို အခြေခံတွက်ချက်၍ နိုင်ငံစီးပွားတိုးတက်မှုရှိစေရေးစီမံချက်များ၊ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် မြေပြင်ပကတိအခြေအနေမှန်နှင့် ကိန်းဂဏန်း အချက်အလက်များ မှန်ကန်မှုရှိစေရေး စနစ်တကျ စိစစ်တင်ပြကြရန် လိုကြောင်း။

ကမ္ဘာပေါ်ရှိနိုင်ငံတိုင်းအနေဖြင့် စီးပွားရေးအားကောင်းမွန်မှုရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပြီး မိမိတို့အနေဖြင့်လည်း ရှိနိုင်သမျှသော စွမ်းအားများနှင့် အခွင့်အလမ်းများကို အသုံးချပြီး စီးပွားရေးအား ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြောင်း၊ သို့သော်လည်း မိမိတို့နိုင်ငံအပေါ် အချို့နိုင်ငံများအနေဖြင့် စီးပွားရေးအရနှင့် နိုင်ငံရေးအရ ပိတ်ဆို့မှုများရှိနေသောကြောင့် ထိုက်သင့်သလောက် တိုးတက်မှုမရရှိဘဲ နှောင့်နှေးနေရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကိုမြှင့်တင်၍ ပို့ကုန်ကဏ္ဍမြှင့်တင်ပြီး နိုင်ငံ့စီးပွားရေး တိုးတက်အောင်မဖြစ်မနေ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းရှိ ကုန်ကြမ်းပစ္စည်းများကို အဓိကအသုံးပြုထုတ်လုပ်နိုင်သည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်သွားကြရမည်ဖြစ်ပြီး သွင်းကုန်အစားထိုး ထုတ်ကုန်များ ထုတ်လုပ်နိုင်ရမည်ဖြစ်သကဲ့သို့ ပြည်ပပို့ကုန်များ တိုးမြှင့်ရရှိလာစေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပြည့်အင်အားသည့် ပြည်တွင်းမှာသာရှိသည် ဟူသည့်အတိုင်း ပြည်ပမှ ထောက်ပံ့ငွေများ၊ ချေးငွေများကို မိမိတို့အနေဖြင့် အားကိုးနေ၍ရမည်မဟုတ်ဘဲ ပြည်တွင်း၌ ရှိသမျှသောစွမ်းအားများဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကိုအားပေးကာ နိုင်ငံ့စီးပွားတိုးတက်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက်လည်း မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများကိုပိုင်ဆိုင်ထားရှိပြီးဖြစ်ကြောင်း၊ အဓိကလိုအပ်နေသည်မှာ အမှန်တကယ်အလုပ်လုပ်ကြရန်နှင့် ပြည်ထောင်စုတိုင်းရင်းသားအားလုံး စုစုစည်းစည်းညီညီညွတ်ညွတ်ဖြင့် တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်ကြရန်သာဖြစ်ကြောင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများ အနေဖြင့်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးတက်လာစေရေး အလေးထားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း မြေပေါ်မြေအောက်သယံဇာတနှင့် တွင်းထွက်ပစ္စည်းများ ထုတ်ယူဆောင်ရွက်ခြင်းထက် ပြန်လည်ဖြည့်တင်းဆောင်ရွက်နိုင်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော ကုန်ထုတ်လုပ်ငန်းများကိုသာ အောင်မြင်အောင် ဆောင်ရွက်သွားကြရန် လိုကြောင်း။

ပြည်ပပို့ကုန်များ တိုးမြှင့်ရရှိနိုင်ရေး ဆောင်ရွက်ရာတွင် မြန်မာ့ပေါ်ဆန်းမွှေးစပါးကို တစ်ခေတ် ပြန်လည်ဆန်းသစ်နိုင်ရေး၊ ဈေးကွက်ပြန်လည်ရရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ မြေကိုအကျိုးရှိရှိ အသုံးချသွားကြရန်နှင့် တစ်ဧကအထွက်နှုန်းများကောင်းမွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ "ဥစ္စာရင်လို ဥစ္စာရင်ခဲ" ဟူသည့်အတိုင်း မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက်လုပ်ငန်းများ အောင်မြင်မှုရှိစေရေး နည်းလမ်းရှာ၍ ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် လုပ်ချင်ကိုင်ချင်စိတ်အပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း။

ထို့ကဲ့သို့ **နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အသိပညာ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ ရရှိရေးသည် မဖြစ်မနေလိုအပ်ချက် တစ်ခုပင်ဖြစ်ကြောင်း၊** မိမိတို့နိုင်ငံ၌ ၁၉၇၃ ခုနှစ်တွင် ကောက်ယူခဲ့သည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ အတန်းပညာမရှိသူမှာ မိမိတို့နိုင်ငံ၏ လူဦးရေ၏ ၅၈ ဒသမ ၁၈ ရာခိုင်နှုန်း၊ ၁၉၈၃ ခုနှစ်တွင် ၄၁ ဒသမ ၀၉ ရာခိုင်နှုန်း၊ ၂၀၁၄ ခုနှစ်တွင် ၁၀ ဒသမ ၇ ရာခိုင်နှုန်း၊ ၂၀၂၄ ခုနှစ်တွင် ၅ ဒသမ ၆၇ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရှိရကြောင်း၊ အဆိုပါ အခြေအနေကို ကြည့်ခြင်းအားဖြင့် မိမိတို့နိုင်ငံ၏ ပညာရေးမှာ ထိုက်သင့်သလောက်တိုးတက်လာသည်ကို တွေ့ရကြောင်း၊ ပညာတတ်လူသားအရင်းအမြစ်များ ပေါ်များလာမှသာ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်ကို ပုံဖော်တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် ပညာရေးကို နည်းလမ်းပေါင်းစုံ၊ ဘက်ပေါင်းစုံမှ အားပေးမြှင့်တင်လျက်ရှိပြီး သင်ကြားရေးဆိုင်ရာ တာဝန်ရှိသူများအား ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်ခြင်း၊ ကျောင်းများအားလုံး စံကိုက်ကျောင်းများ ဖြစ်စေရေးမှအစ လိုအပ်သည့်အခြေခံ သင်ထောက်ကူ ပစ္စည်းများ ပြည့်စုံမှုရှိစေရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

စိုက်ပျိုးမွေးမြူရေးကို အဓိကဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်သည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး ဆိုင်ရာ ပညာရှင်များ မွေးထုတ်ပေးနိုင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအခြေခံ အထက်တန်းကျောင်းများ၊ စိုက်ပျိုးမွေးမြူရေးသိပ္ပံများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်များကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ **စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များနှင့်ပတ်သက်၍ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်း နိုင်ငံများ၌ ဈေးကွက်လိုအပ်ချက်များစွာ ရှိပြီးဖြစ်သဖြင့် အဆိုပါဈေးကွက်လိုအပ်ချက်ကို ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံ့ စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူ ဖြစ်လာစေမည်ဖြစ်**ကြောင်း၊ ထို့ကြောင့်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်မှုရှိစေရေး ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် အလေးအနက်ထား ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းတွင် ဝါစိုက်ပျိုးရေးလုပ်ငန်းနှင့်ပတ်သက်၍ ဝါစိုက်ပျိုးခြင်း၊ ဝါမှဝါဂွမ်း၊ ဝါဂွမ်းမှ ချည်မျှင်ကို ထုတ်လုပ်ကြခြင်းဖြစ်ပြီး လူတို့၏ဘဝတွင် အဝတ်အထည်သည် မွေးစမှသေဆုံးသည်အထိ နေ့စဉ်အသုံးပြုနေရသည်ဖြစ်သဖြင့် ဝါသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ဝါသည် နိုင်ငံတော်အတွက် အရေးကြီးသည့် စိုက်ပျိုးရေးထုတ်ကုန်တစ်ခုဖြစ်ပြီး ဝါမှတစ်ဆင့် စက်မှုလုပ်ငန်းများကို ဆက်စပ်ဆောင်ရွက်နိုင်သည်ဖြစ်သဖြင့် အမှန်တကယ် အကျိုးရှိသည့်လုပ်ငန်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ဝါစိုက်ပျိုးမှုနှင့် ဝါထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးသက်ဆိုင်ရာကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ဆီထွက်သီးနှံနှင့် ပတ်သက်၍လည်း ပြည်တွင်းဆီစားသုံးမှုဖူလုံမှုရှိစေရေး မိမိတို့အနေဖြင့် ဆီထွက်သီးနှံများကို အောင်မြင်အောင် စိုက်ပျိုးထုတ်လုပ်သွားကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ဆီထွက်သီးနှံတွင်ပါဝင်သည့် နှမ်းစိုက်ပျိုးရာတွင်လည်း အောင်မြင်စွာစိုက်ပျိုးနိုင်ရန်အတွက် မျိုးကောင်းရန်၊ စိုက်ပျိုးရေနှင့်အောင်ရေလုံလောက်စွာ ရရှိရန် လိုအပ်သဖြင့် နှမ်းစိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အစိုးရအဖွဲ့များအနေဖြင့် စနစ်တကျ ဖြည့်ဆည်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ မိမိတို့နိုင်ငံသည် ပဲစိုက်ပျိုး၍ နိုင်ငံတကာသို့တင်ပို့သည့် ထိပ်တန်းနိုင်ငံများတွင် ပါဝင်ကြောင်း၊ ထို့ကြောင့် ပဲစိုက်ပျိုးမှုကိုလည်း နိုင်ငံ၏အဓိကစီးပွားရေးအဖြစ် မှတ်ယူ၍ အရည်အသွေးကောင်းမွန်သည့် ပဲများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရော်ဘာနှင့်ပတ်သက်၍လည်း ရော်ဘာထုတ်ကုန်များမှတစ်ဆင့် စက်မှုကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်ပြီး ဈေးကွက်လိုအပ်ချက် ကြီးမားကျယ်ပြန့်စွာရှိသည့်အတွက် အထွက်နှုန်းများ တိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ဆောင်ပေးရန် အဓိကတာဝန်ရှိပြီး နိုင်ငံ့စီးပွားနှင့် ပြည်သူလူထုတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်မှသာလျှင် ပြည်သူလူထုက ယုံကြည်အားကိုးသည့် အစိုးရတစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် **နိုင်ငံရေးအရအရေးယူ ပိတ်ဆို့မှုများ၊ စီးပွားရေးအရပိတ်ဆို့မှုများအကြားမှနိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အကောင်းဆုံးသောနည်းလမ်းများဖြင့် ကျော်လွှားဆောင်ရွက်လျက်ရှိနေကြောင်း။**

စာမျက်နှာ ၄ သို့ ★

★ စာမျက်နှာ ၃ မှ

❖ မြို့ရွာများ သန့်ရှင်းသာယာလှပရေးနှင့် ပတ်သက်၍ မိမိတို့သွားရောက်ခဲ့သည့် ရုရှားနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့တွင် မြို့ရွာများ သန့်ရှင်းသာယာလှပလျက်ရှိသည်ကိုတွေ့ရှိရ

❖ အဓိကအားဖြင့် သက်ဆိုင်ရာစည်ပင်သာယာအဖွဲ့အစည်းများက ဆောင်ရွက်သကဲ့သို့ ပြည်သူတစ်ဦးချင်းစီကလည်း စည်းကမ်းတကျ လိုက်နာဆောင်ရွက်ကြသည်ကိုတွေ့ရ

❖ မိမိတို့နိုင်ငံ၏ ပညာရေးကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ကျောင်းသား၊ မိဘ၊ ဆရာ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်မှသာလျှင် နိုင်ငံတော်၏ပညာရေးကဏ္ဍမှာ စနစ်တကျဖြင့် ဘက်စုံတိုးတက်ကောင်းမွန်လာမည်

ကုန်သွယ်မှုလျင်မြန် လုံခြုံချောမွေ့စေရေး၊
တရားမဝင်ကုန်သွယ်မှုများ မရှိစေရေး
တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်

ကုန်သွယ်မှုနှင့်ပတ်သက်၍ သွင်းကုန်၊ ပို့ကုန်လုပ်ငန်းများအားလုံးကို ရိုးရိုးသားသားမှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ သွင်းကုန်၊ ပို့ကုန်ပစ္စည်းများ အရည်အသွေးပြည့်မီမှုရှိစေရေး သက်ဆိုင်ရာ တာဝန်ရှိသူများက ကြပ်မတ်စစ်ဆေးဆောင်ရွက်ကြရန်လိုပြီး မရိုးမသားဆောင်ရွက်ခြင်းများကြောင့် မိမိတို့နိုင်ငံ၏ပုံရိပ်ကို ထိခိုက်နစ်နာမှုများ မဖြစ်စေရန်လိုကြောင်း၊ ကုန်စည်စီးဆင်းမှုမြန်ဆန်ချောမွေ့စေရေးအတွက်လည်း လမ်းကြောင်းများတစ်လျှောက်၌ မလိုလားအပ်သည့် စစ်ဆေးရေးဂိတ်များ လျှော့ချသွားရန်လိုသကဲ့သို့ တရားမဝင်ကုန်သွယ်မှုများမရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုများ ဆောင်ရွက်ခြင်းကြောင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အခများမရရှိဘဲ ထိခိုက်နစ်နာခြင်း၊အရည်အသွေးမပြည့်မီသည့် ပစ္စည်းများအား ပြည်သူများအနေဖြင့် ဈေးကြီးပေး၍ ဝယ်ယူသုံးစွဲနေရသဖြင့်ထိခိုက်နစ်နာခြင်းတို့ကို ဖြစ်ပေါ်စေနိုင်ကြောင်း၊ သို့ဖြစ်၍ကုန်သွယ်မှုလျင်မြန် လုံခြုံချောမွေ့စေရေး၊ တရားမဝင်ကုန်သွယ်မှုများ မရှိစေရေး တာဝန်ရှိသူများက အထူးအလေးထားကြပ်မတ်ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဖြည့်စွက်ပြောကြားရာတွင် ယခုကာလသည် မိုးရာသီဖြစ်သဖြင့် အချို့ဒေသများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ အဓိကအားဖြင့် မြစ်ကြီးများအပါအဝင် ချောင်းမြောင်းများတိမ်ကောလာခြင်းနှင့် မိုးရွာသွန်းမှု များပြားလာခြင်းများကြောင့်ဖြစ်သည်ကိုတွေ့ရကြောင်း၊မြစ်ကြီးများ၊ချောင်းမြောင်းများ တိမ်ကောလာမှုကို မြစ်ချောင်းများ ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း၊ သဲနုန်းများ ဆယ်ယူခြင်းဖြင့် ရေစီးဆင်းမှုများ ကောင်းမွန်လာပြီး ရေကြီးရေလျှံမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ထိုသို့ဆောင်ရွက်ရာတွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားအသုံးပြု၍ သောင်တူးသည့် စက်ကြီးများဖြင့်ဆောင်ရွက်နိုင်အောင် စီမံဆောင်ရွက်လျက်ရှိကြောင်း။

အချို့ မြို့ပေါ်လူနေရပ်ကွက်များတွင်လည်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ များသောအားဖြင့် ရေနုတ်မြောင်းများအတွင်း အမှိုက်သရိုက်များ ပိတ်ဆို့မှုများကြောင့်ဖြစ်သည်ကိုတွေ့ရကြောင်း၊ မြို့နေလူထုအနေဖြင့် ရေနုတ်မြောင်းများ ပိတ်ဆို့မှုမရှိစေရေးအတွက်လည်း အမှိုက်များကို စည်းကမ်းတကျ စွန့်ပစ်ကြရန်လိုကြောင်း၊ ချောင်းကောမြောင်းကောများကြောင့် မြို့များတွင် ရေကြီးမှုများ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်းနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် မြို့နေလူထုတို့မှ မိမိတို့မြို့ရွာ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေး ဝိုင်းဝန်းတားဆီးကာကွယ် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

မြို့ရွာများ သန့်ရှင်းသာယာလှပရေးနှင့် ပတ်သက်၍ မိမိတို့သွားရောက်ခဲ့သည့် ရုရှားနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့တွင် မြို့ရွာများ သန့်ရှင်းသာယာလှပလျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ **အဓိကအားဖြင့် သက်ဆိုင်ရာ စည်ပင်သာယာအဖွဲ့အစည်းများက ဆောင်ရွက်သကဲ့သို့ ပြည်သူတစ်ဦးချင်းစီကလည်း စည်းကမ်းတကျ လိုက်နာဆောင်ရွက်ကြသည်ကို တွေ့ရကြောင်း**၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်လည်း အုပ်ချုပ်မှုပိုင်းဆိုင်ရာနှင့် စည်ပင်သာယာရေးဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်၍ မြို့နေလူထုနှင့်ပူးပေါင်းပြီး မြို့ရွာများ သန့်ရှင်းသာယာလှပရေးအတွက်ဆောင်ရွက်သွားကြစေလိုကြောင်း။

အခြေခံပညာကျောင်းများအားလုံး စံကိုက်ကျောင်းများဖြစ်စေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊မိမိတို့နိုင်ငံတွင် အခြေခံပညာကျောင်းပေါင်း ၅၀၀၀၀ ခန့် ရှိပြီး စံကိုက်သည့်ကျောင်းမှာ ၁၀ ရာခိုင်နှုန်းခန့်သာရှိကြောင်း၊ အခြေခံပညာကျောင်းများကို စံကိုက်ညီမှု သတ်မှတ်ချက်ကိုခွဲခြားဆောင်ရွက်ရာတွင် အခြေခံပညာမူလတန်းကျောင်းအနေဖြင့် သတ်မှတ်ဧရိယာမှာ ၃ ဧကမှ ၅ ဧက၊ အခြေခံပညာ အလယ်တန်းကျောင်းအနေဖြင့် ၅ ဧကမှ ၇ ဧက၊ အခြေခံပညာအထက်တန်းကျောင်းအနေဖြင့် ၇ ဧကမှ ၁၀ ဧက ရှိရန် သတ်မှတ်ထားကြောင်း၊ စံကိုက်ကျောင်းများအဖြစ် ဆောင်ရွက်ရာတွင် ကျောင်းသား ကျောင်းသူများ တန်းစီသည့်နေရာများ၊ အားကစားပြုလုပ်ရန်နေရာများနှင့် ကစားကွင်းများ ရှိရန်လိုသကဲ့သို့ အဆောက်အအုံများကိုလည်း စနစ်တကျဆောက်လုပ်ရန်လိုကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများအနေဖြင့် အခြေခံပညာကျောင်းများ၏ မြေပြင်အခြေအနေများကို စနစ်တကျစာရင်းကောက်ယူပြီး သတ်မှတ်ထားသည့် မြေဧရိယာ အကျယ်အဝန်းအခြေအနေပေးသည့် ကျောင်းများအား မိမိတို့အစိုးရ တာဝန်ယူချိန်အတွင်း စံကိုက်ကျောင်းများအဖြစ် ဦးစားပေးအဆင့်အလိုက် အဆင့်မြှင့်တင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စာသင်ကျောင်းများ ဆောက်လုပ်ရာတွင်လည်း စနစ်တကျ ဆောက်လုပ်ရန်နှင့် ရေရှည်အတွက်ထည့်သွင်းစဉ်းစားလျာထား၍ စီမံချက်များ စနစ်တကျရေးဆွဲဆောင်ရွက်သွားရန်လိုကြောင်း၊ စာသင်ကျောင်းများ လုံခြုံမှုရှိစေရေး၊ စနစ်တကျရှိစေရေး၊ သန့်ရှင်းသာယာမှုရှိစေရေး၊စာသင်ကျောင်းများအနီးပတ်ဝန်းကျင်ကောင်းများဖြစ်စေရေး အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ဆောင်ရွက်သွားကြရန်လိုကြောင်း၊**မိမိတို့နိုင်ငံ၏ပညာရေးကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရကကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ကျောင်းသား၊ မိဘ၊ ဆရာ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်မှသာလျှင် နိုင်ငံတော်၏ ပညာရေးကဏ္ဍမှာ စနစ်တကျဖြင့် ဘက်စုံတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း** ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အခွန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ စီးပွားရေးလုပ်ငန်းဆောင်ရွက်နေသူများ၊ ပြည်သူများအနေဖြင့် အခွန်ငွေများကို ထမ်းဆောင်ကြပြီး နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါ အခွန်ထမ်းငွေများဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အဆိုပါ အခွန်ထမ်းငွေများကို နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်သည့် နေရာများတွင် အကျိုးရှိရှိအသုံးချကြရန်လိုကြောင်း၊ ဝန်ကြီးဌာနများအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အခွန်ငွေများကို ထိထိရောက်ရောက်အသုံးချရာတွင် အခွန်ထမ်းပြည်သူများ၏ မျက်နှာကို ကြည့်ရန်လိုကြောင်း။

မိမိတို့အနေဖြင့် ဖက်ဒရယ်ကိုအခြေခံသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနေခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုပ်ပိုင်ခွင့်များကို ပေးအပ်ထားသကဲ့သို့ ပြည်ထောင်စုအစိုးရအဖွဲ့မှ ချမှတ်ဆောင်ရွက်သည့် မူဝါဒများကိုလည်း အောင်မြင်အောင် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများကလည်း စနစ်တကျဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

## ဈေးချိုတော်ရှိ လုပ်ငန်းရှင်များအား အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း Online Sale မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာ သိကောင်းစရာများ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂၅**

မန္တလေးမြို့၊ ဈေးချိုတော်အတွင်းရှိ ဈေးရောင်းချနေသော လုပ်ငန်းရှင်များအား အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း Online Sale မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာနှင့် စပ်လျဉ်း၍ သိကောင်းစရာများ အသိပညာပေးဆွေးနွေးပွဲကို ယနေ့ နေ့လည်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ဈေးချိုတော်အတွင်းရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ စစ်ဆေးရေးအရာရှိများ ဦးဆောင်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး စားသုံးသူရေးရာဦးစီးဌာန၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲမှ ဦးစီးအရာရှိ ဦးမျိုးထွန်းက ဈေးချိုတော်အတွင်း ရောင်းချလျက်ရှိသော လုပ်ငန်းရှင်များအား မိမိတို့၏ လုပ်ငန်းများအနေဖြင့် အွန်လိုင်းတွင် ရောင်းချမည်ဆိုပါက အွန်လိုင်းမှတ်ပုံတင်လက်မှတ်ရယူကြရန် သက်ဆိုင်ရာဌာနများ၏ ညွှန်ကြားချက်များကိုလည်း လိုက်နာဆောင်ရွက်ကြရန် အဖွင့်အမှာစကားပြောကြားခဲ့ပြီး အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်ထားကြောင်း၊ အွန်လိုင်းစနစ်ဖြင့် ကုန်စည်(သို့မဟုတ်)ဝန်ဆောင်မှုရောင်းချသူများအားလုံးသည် မှတ်ပုံတင်လက်မှတ်လျှောက်ထားရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာန၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲမှ ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းအေးက အွန်လိုင်းမှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ မှတ်ပုံတင်လျှောက်ထားရာတွင် ကြိုတင်ပြင်ဆင်ရမည့် အချက်အလက်များအကြောင်း၊ မှတ်ပုံတင်ရန် တာဝန်ရှိသူများက Social Media၊ Website သို့မဟုတ် Application များမှတစ်ဆင့် အမြတ်အစွန်းအတွက် ပုံမှန်ရောင်းချနေသည့် တစ်ဦးတည်းပိုင် လုပ်ငန်းငယ်များမှ စ၍ ကုမ္ပဏီများအထိ ပါဝင်ကြောင်း၊ ရုံးသို့ လူကိုယ်တိုင် လာရောက်ရန်မလိုဘဲ website (https://ecomreg.gov.mm) မှတစ်ဆင့် အလွယ်တကူလျှောက်ထားနိုင်ကြောင်း၊ ထိုသို့လျှောက်ထားရာတွင် ကုမ္ပဏီ(သို့မဟုတ်) စီးပွားရေးအဖွဲ့အစည်းသော်လည်းကောင်း၊ Individual တစ်ဦးချင်းတစ်နိုင်တစ်ပိုင်ရောင်းချသူသော်လည်းကောင်း၊ အမျိုးအစားရွေးချယ်လျှောက်ထားဖို့လိုအပ်ကြောင်း၊ ကုမ္ပဏီ(သို့မဟုတ်) စီးပွားသေးအဖွဲ့အစည်းအတွက် မဖြစ်မနေပူးတွဲတင်ပြရမည့် အချက်(၁၀)ချက်နှင့် Individual တစ်ဦးချင်း တစ်နိုင်တစ်ပိုင်ရောင်းချသူများအတွက်ဆို မဖြစ်မနေပူးတွဲတင်ပြရမည့် အချက်(၆)ချက်အား အသေးစိတ်ရှင်းလင်းခဲ့ပြီး၊ သက်ဆိုင်ရာလုပ်ငန်းအမျိုးအစားအလိုက် လိုအပ်သည့် အချက်အလက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် မှတ်ပုံတင်လျှောက်ထားရာတွင် အချက်အလက်များ မှန်ကန်ပြည့်စုံပြီး မြေပြင်ကွင်းဆင်းစစ်ဆေးသည့်အခါမှာ သတ်မှတ်ချက်အတိုင်း အချက်အလက်များ မှန်ကန်မှုရှိပါက လုပ်ငန်းအမျိုးအစားအလိုက် လိုင်စင်ကြေးပေးသွင်းပြီးပါက Online Sale မှတ်ပုံတင်လက်မှတ်ရရှိမည်ဖြစ်ကြောင်း၊ အချက်အလက်များ ကိုက်ညီမှုမရှိပါက ပြန်လည်ပြင်ဆင်လျှောက်ထားရမည်ဖြစ်ကြောင်း၊ မှတ်ပုံတင်လက်မှတ်မရှိဘဲ ဆက်လက်ရောင်းချပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ(အနည်းဆုံး ထောင်ဒဏ် ၆ လမှ အများဆုံး ထောင်ဒဏ် ၃ နှစ်အထိ ချမှတ်ခံရမည့်အပြင် ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ကိုလည်း ချမှတ်ခြင်းခံရနိုင်မည်ဖြစ်ကြောင်း အသိပညာပေးဆွေးနွေးခဲ့သည်။

ဆက်လက်၍ စားသုံးသူ၏ အခွင့်အရေးများ၊ စားသုံးသူ၏ လိုက်နာရမည့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ လိုက်နာရမည့် တာဝန်များအား ရှင်းလင်းဆွေးနွေးခဲ့ပြီး အွန်လိုင်းမှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်း၊ စားသုံးသူကာကွယ်ရေးအသိပညာပေးခြင်းဆိုင်ရာ အချက်အလက်များနှင့် ကုန်အညွှန်းအမှတ်အသားလျှောက်ထားခြင်းဆိုင်ရာများကို သိရှိလိုပါက(Call Center-1535 လိုင်းနံပါတ်-3)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)

ဝ-ဝ-ဝ-ဝ-ဝ

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၅

၂၀၂၆ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီးဒေါ်နန်းကူးကူး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်မှ သင်တန်းသား အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။



ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။

**ဦးဆောင်စိုက်ပျိုး**

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးကြသည်။ ယင်းနောက် အခမ်းအနား တက်ရောက်လာကြသူများက သတ်မှတ်နေရာအသီးသီးတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီနှင့် ပိတောက်ပင်များကို စိုက်ပျိုးကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည် မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ ကျင်းပပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၆ ခုနှစ်၊ စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီနဲ့ ပိတောက်ပင် စုစုပေါင်း ၂၄၀၀ ကို စိုက်ပျိုးခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီး၌လည်း စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပွဲများ ကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာ နေပြည်တော် တိုင်းစစ်ဌာနချုပ်၌ ၁၁၅၉၁ ပင်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၅၀၃၀၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၌ ၃၄၆၀၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၂၉၁၀၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၌ ၉၅၇၀၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်၌ ၁၁၁၆၁ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၄၉၁၅ ပင်၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၌ ၆၉၃၃ ပင်၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်၌ ၁၀၉၉၀၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၃၉၀၀၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၅၁၀၀၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်၌ ၆၁၉၀၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၄၆၆၉၆ ပင်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၇၃၈၀ တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး တပ်မတော်တစ်ရပ်လုံး အနေဖြင့် ယနေ့တွင် စုစုပေါင်း သစ်ပင် ၁၄၈၂၆ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်





တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီး၌ စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပွဲများ ကျင်းပစဉ်။

# ပြည်သူ့စကားဝိုင်း ကျင်းပ

ချောက် ဩဂုတ် ၂၅

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၌ လူမှုစီးပွားဘဝမြှင့်တင်ရေးပူးပေါင်းဆောင်ရွက်ရေးခေါင်းစဉ်ဖြင့်ပြည်သူ့စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီအချိန်က အမှတ်(၃)ရပ်ကွက် ချောက်ရွာမရပ်ဆုတောင်းပြည့်ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်ဝင်းအိမွန်က ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ဖြစ်သောဒီမိုကရေစီစနစ်၏အင်္ဂါရပ်များနှင့်အညီ အများပြည်သူနှင့် အစိုးရတာဝန်ရှိသူများအကြားဆွေးနွေးတိုင်ပင်ရမည့်အကြောင်း ကိစ္စများကိုဆွေးနွေးပြောကြားနိုင်သည့် အခွင့်အလမ်းများအားဖော်ဆောင်ပေးရန်၊ မိမိရပ်ရွာဒေသတွင်ဖြစ်ပေါ်နေသည့် အကြောင်းအရာများကို အများပြည်သူကြားတွင် ဆွေးနွေးမှုများရှိလာစေရန် ပြည်သူလူထု၏ စဉ်းစားတွေးခေါ်မှုများ မြင့်မားလာပြီး ဆွေးနွေးပွဲများတွင်ပါဝင်ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများဖြစ်ပေါ်လာစေရန် ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက်ပြည်သူ့စကားဝိုင်းကျင်းပရာမကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေသန့်ဇော်က ဦးဆောင်ဆွေးနွေးခဲ့ပြီး၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ချောက်/လမ်းရွာရေနံမြေမှ ဦးအောင်မျိုးသူ(အင်ဂျင်နီယာမှူး)၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးဇင်ဘိုဘိုအောင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဦးစီးအရာရှိ ဒေါ်လတ်လတ်ငွေး၊ မြို့နယ်လူမှုဖူလုံရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်တင်လှဲလှဲဝေတို့က ဌာနအလိုက်ဆောင်ရွက်ပေးလျက်ရှိသော ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာ တက်ရောက်လာကြသူများက သိရှိလိုသည်များ ဒေသအတွင်းလိုအပ်သည့် အကြောင်းအရာများ မေးမြန်းကြပြီး လူမှုဘဝဖွံ့ဖြိုးရေးဆိုင်ရာလိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြောင်းသိရသည်။

အဆိုပါ ရပ်ကွက်နေပြည်သူများ၏ တင်ပြချက်များကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်၊ မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦး ဖေသန့်ဇော်နှင့် ပြည်သူ့စကားဝိုင်းဆွေးနွေးကြသည်တာဝန်ရှိသူတို့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီးလိုအပ်သည်များကို ဖြည့်စွက်ပြောကြားပေးခဲ့သည်။

ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲသို့တာဝန်ရှိသူများ၊ ရပ်ကွက်နေပြည်သူများ၊ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်ချောက်/လမ်းရွာ ရေနံမြေမှ ဝန်ထမ်းများစုစုပေါင်း (၂၀၀)ဦးတက်ရောက်ခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက တက်ရောက်လာသူများအား စာအုပ်ပြပွဲ၊ မူးယစ်ဆေးဝါးအသိပညာပေးနံရံကပ်စာစောင်နှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်ပြသခဲ့ရာ ပြည်သူများက စိတ်ဝင်တစားလေ့လာကြည့်ရှုခဲ့ကြောင်းသိရသည်။

ဝင်းအိမွန်(ပြန်/ဆက်)



# အနေဝေးသော်လည်း သွေးမဝေးသည့် ယုံကြည်စိတ်ချအားထားရသော ကာလရှည်မိတ်ဖက်နိုင်ငံ

မောင်ငြိမ်းအေး

(ယမန်နေ့မှအဆက်)

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့တွင် တရားဝင်ခရီးစဉ်ရောက်ရှိခဲ့သည့် နိုင်ငံတော်သမ္မတသည် ဘယ်လာရုစ်နိုင်ငံမှ နောက်နေ့နံနက်တွင် ပြန်လည်ထွက်ခွာမည်ဖြစ်၍ ဩဂုတ် ၂၁ ရက်နေ့ ဒေသစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်တွင် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမိသားစုများနှင့် သင်တန်းသားများအား Double Tress by Hilton ဟိုတယ်၌ တွေ့ဆုံအမှာစကားပြောကြားခဲ့သည်။ ဘယ်လာရုစ်နိုင်ငံမှ မထွက်ခွာမီ အဝေးတစ်နေရာတွင် ရောက်ရှိနေသည့် သားသမီးများအား မိဘကသွန်သင်ဆုံးမလမ်းညွှန်ပြသ အားပေးစကားပြောကြားသကဲ့သို့ ဘယ်လာရုစ်နိုင်ငံတွင် ရောက်ရှိနေသည့် ဝန်ထမ်းများနှင့် သင်တန်းသားများအား သိရှိမှတ်သား လိုက်နာဆောင်ရွက်ရန်အချက်များကို နိုင်ငံတော်သမ္မတက လမ်းညွှန်မှာကြားခဲ့သည်။

ဘယ်လာရုစ်နိုင်ငံသည် လယ်ယာစက်မှုလုပ်ငန်းများ တိုးတက်လျက်ရှိသကဲ့သို့ မွေးမြူရေးလုပ်ငန်းများတွင်လည်း ခေတ်မီနည်းစနစ်များဖြင့် အောင်မြင်စွာဆောင်ရွက်ပြီး ထုတ်ကုန်များကို နိုင်ငံတကာသို့ တင်ပို့ရောင်းချနိုင်သည့်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံသည်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သဖြင့် အခြေခံအားဖြင့် တူညီမှုရှိသည်။ နိုင်ငံတော်သမ္မတ ဘယ်လာရုစ်နိုင်ငံသို့ ရောက်ရှိချိန်ကာလအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို မျက်မြင်တွေ့ရှိခဲ့ရပြီး ဘယ်လာရုစ်သမ္မတနိုင်ငံနှင့် ဆက်ဆံမှုတိုးမြှင့်ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံအတွက် အကျိုးများစွာဖြစ်ထွန်းမည်ဟု ယုံကြည်ထားသည်။ ဘယ်လာရုစ်နိုင်ငံနှင့် ဆက်ဆံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ(၂၀၂၆-၂၀၂၈)ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ အောင်မြင်စေရေးအတွက် တာဝန်ထမ်းဆောင်နေကြသူများအနေဖြင့် အလေးထားကြိုးပမ်းဆောင်ရွက်သွားကြရန် နိုင်ငံတော်သမ္မတက မှာကြားခဲ့သည်။

### အကျိုးရှိအောင်ဆောင်ရွက်

ဘယ်လာရုစ်နိုင်ငံ၏ ပညာရေးသင်ကြားရေးသည် အဆင့်မီသည့် ပညာရေးစနစ်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာမှ သင်တန်းသားများ လာရောက်ပညာဆည်းပူးလျက်ရှိသည်။ ဘယ်လာရုစ်နိုင်ငံတွင် လာရောက်ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင် သင်တန်းသားများအနေဖြင့် သက်ဆိုင်ရာသင်ကြားရသည့် ဘာသာရပ်များအား မြန်မာနိုင်ငံ၏အကျိုးအတွက် ပြန်လည်အသုံးချနိုင်ရေး စနစ်တကျ သင်ယူကြရမည်ဖြစ်သည်။ ဘယ်လာရုစ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် အလှမ်းကွာဝေးပြီး ရာသီဥတုဆိုးရွားသည့်နိုင်ငံဖြစ်ပြီး ငွေကြေးနှင့် အချိန်များပေးဆပ်ကာ ပညာသင်ကြားနေကြရခြင်းဖြစ်၍ ပညာကို စနစ်တကျသင်ယူပြီး နိုင်ငံအတွက် အကျိုးရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဩဂုတ် ၂၂ ရက်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် ကီဇီးလ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ တူဗားပြည်နယ် အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်နှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။

မြန်မာသင်တန်းသားများကဲ့သို့ပင် အာရှနိုင်ငံများမှ လာရောက်သင်ကြားလျက်ရှိသည့် နိုင်ငံသားများနှင့် ပေါင်းသင်းဆက်ဆံမှုများ ကောင်းမွန်အောင်ဆောင်ရွက်ပြီး မြန်မာနိုင်ငံ၏ဂုဏ်ကို ထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်ကို ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်လျှောက်လှမ်းနိုင်ရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ မြန်မာနိုင်ငံ၏ သမိုင်းဖြစ်ရပ်မှန်များကို ကိုယ်တိုင်သိရှိအောင် လေ့လာဆောင်ရွက်ကြရန်လိုသကဲ့သို့ မသိရှိသေးသူများကိုလည်း သိရှိစေရေး တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပေးရန်လိုကြောင်း၊ မိမိတို့၏ အတွေ့အကြုံနှင့် တိုင်းပြည်၏အခြေအနေအပေါ်မူတည်၍ လုပ်သင့်လုပ်ထိုက်သည်များကို ဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်ပတွင် နေထိုင်စဉ်အတွင်း တိုင်းပြည်မျက်နှာမပျက်အောင် နေထိုင်ဆောင်ရွက်ရန်၊ ကျန်းမာရေးကို အထောက်အကူဖြစ်စေမည့် ကိုယ်လက်လှုပ်ရှားအားကစားများကို ဆောင်ရွက်ကြရန်၊ ပညာသင်ကြားရေးအပိုင်းတွင် တစ်ဦးချင်းအတွက် အကျိုးဖြစ်ထွန်းစေမည့် ဘာသာစကားများကိုလေ့လာရန်၊ ပြောင်းလဲတိုးတက်လျက်ရှိသည့် ခေတ်မီနည်းပညာများကို စဉ်ဆက်မပြတ် လေ့လာနေကြရန် နိုင်ငံတော်သမ္မတက လမ်းညွှန်မှာကြားခဲ့သည်။

### စိတ်လက်ရွှင်လန်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၂ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၂၀ တွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီလျှောက်လမ်း၏ တစ်ဖက်တစ်ချက်တွင် နေရာယူ၍ အလေးပြုကြသည်။ ထို့နောက် ဒေသစံတော်ချိန် ညနေ ၆ နာရီ မိနစ် ၂၀ တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တူဗားပြည်နယ် ကီဇီးလ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိခဲ့သည်။ ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့မှ ရုရှားနိုင်ငံ တူဗားပြည်နယ် ကီဇီးလ်မြို့သို့ အချိန်ကြာမြင့်စွာခရီးသွားခဲ့ရသော်လည်း တူဗားပြည်နယ်အကြီးအကဲနှင့် ပြည်နယ်အစိုးရအဖွဲ့၏ နွေးထွေးပျူငှာ လှိုက်လှဲဖော်ရွေစွာ ခရီးဦးကြိုဆိုပြုမှုကြောင့် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအားလုံး ခရီးပင်ပန်းနွမ်းနယ်သမျှ လွင့်စဉ်ပျောက်ပျယ်သွားပေသည်။ ထူးခြားလေးနက်သည့် အထင်ကရဒေသသို့ သွားရောက်လေ့လာရမည်ဖြစ်၍ စိတ်ရွှင်လန်းတက်ကြွခြင်းဖြစ်ကြရသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ထိုနေ့ ဒေသစံတော်ချိန် ည ၇ နာရီတွင် တူဗားပြည်နယ်အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်နှင့် ကီဇီးလ်မြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ အိမ်တော်၌ တွေ့ဆုံဆွေးနွေးသည်။ တွေ့ဆုံရာတွင် တူဗားပြည်နယ်အကြီးအကဲက နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါကြောင်း နှုတ်ခွန်းဆက်စကားပြောကြားပြီး တူဗားပြည်နယ်၏ သမိုင်းကြောင်းဆိုင်ရာများနှင့် ဒေသဆိုင်ရာအချက်အလက်များ၊ တူဗားပြည်နယ်အတွင်း စိုက်ပျိုးမွေးမြူရေးနှင့် တွင်းထွက်ပစ္စည်းများ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ တူဗားပြည်နယ်တွင် နေထိုင်သူအများစုသည် ဗုဒ္ဓဘာသာကိုကိုးကွယ်ကြပြီး မြန်မာနိုင်ငံနှင့် ကိုးကွယ်ယုံကြည်မှုများ တူညီလျက်ရှိမှု၊ မြန်မာနိုင်ငံနှင့် တူဗားပြည်နယ်တို့အကြား ဘာသာရေးနှင့် ယဉ်ကျေးမှုကဏ္ဍ၊ ပညာရေးကဏ္ဍနှင့် ခရီးသွားကဏ္ဍအပါအဝင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လိုမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

### အရှိန်အဟုန်တိုးမြှင့်

ယင်းနောက် နိုင်ငံတော်သမ္မတက တူဗားပြည်နယ်အကြီးအကဲနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များအနေဖြင့် မိမိဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို လှိုက်လှဲနွေးထွေးစွာ ကြိုဆိုသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း၊ မိမိအနေဖြင့် တူဗားပြည်နယ်သို့ ပထမဆုံးအကြိမ်ရောက်ရှိခြင်းဖြစ်ပြီး သန့်ရှင်းသာယာလှပပြီး စိမ်းလန်းစိုပြည်သည့် တောတောင်ရှုခင်းများကို မြင်တွေ့ရသဖြင့် မိမိတို့၏စိတ်နှလုံးကို ချမ်းမြေ့စေကြောင်း ပြောကြားပြီး မြန်မာ-ရုရှား နှစ်နိုင်ငံသည် ယုံကြည်စိတ်ချရသည့် မိတ်ဆွေရင်းနိုင်ငံများဖြစ်ကြပြီး အလှမ်းကွာဝေးသော်လည်း သံတမန်ဆက်ဆံမှုများ ရှည်လျားကောင်းမွန်လျက်ရှိမှုနှင့် ယခုအခါ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်မြှင့်တင်ရန် အကောင်းဆုံးအခြေအနေသို့ ရောက်ရှိလျက်ရှိမှု၊ နှစ်နိုင်ငံ ဗဟိုအစိုးရအဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လျက်ရှိသကဲ့သို့ နှစ်နိုင်ငံမှ ပြည်နယ်များအချင်းချင်းလည်း ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိမှုတို့ကို ရှင်းလင်းပြောကြားသည်။

တူဗားပြည်နယ်သည် တွင်းထွက်သယံဇာတများထွက်ရှိပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်သည့် ပြည်နယ်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံသည်လည်း မြေပေါ်မြေအောက် သယံဇာတများ ပေါများစွာထွက်ရှိပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံနှင့် တူဗားပြည်နယ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်သည့် အလားအလာနှင့် အခွင့်အလမ်းရှိသည်။ မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာကို ကိုးကွယ်သည့်နိုင်ငံဖြစ်သကဲ့သို့ တူဗားပြည်နယ်တွင် နေထိုင်သူအများစုသည်လည်း တိဗက်ဗုဒ္ဓဘာသာများဖြစ်ကြသဖြင့် ဘုရားဖူးခရီးစဉ်များနှင့် ခရီးသွားလုပ်ငန်းများ အပြန်အလှန် မြှင့်တင်ဆောင်ရွက်နိုင်သည်။ နှစ်နိုင်ငံ အစိုးရနှင့် ပြည်သူများအချင်းချင်း ထိတွေ့ဆက်ဆံမှုများ ပိုမိုမြှင့်တင်နိုင်ရန်အတွက် သံတမန်ဆက်ဆံမှုများကို ယခုထက် ပိုမိုတိုးတက်စေရေး ဆောင်ရွက်လျက်ရှိသည်။ မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားနိုင်မည့်အခြေအနေများကို နိုင်ငံတော်သမ္မတက အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့သည်။

### အထင်ကရနေရာတစ်ခု

ဩဂုတ် ၂၃ ရက်နေ့ နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတသည် ခရီးစဉ်တွင်လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ အဖွဲ့ဝင်များ၊ တူဗားပြည်နယ်အကြီးအကဲ၊ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့်အတူ ကီဇီးလ်မြို့ရှိ အထင်ကရနေရာများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။ စာမျက်နှာ ၇ သို့



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့နှင့် တူဗားပြည်နယ်အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်နှင့် တာဝန်ရှိသူများ ဩဂုတ် ၂၂ ရက်က ကီဇီးလ်မြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ အိမ်တော်၌ တွေ့ဆုံဆွေးနွေးစဉ်။

○ စာမျက်နှာ ၆ မှ

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မြစ်ကမ်းနံဘေးရှိ အာရှတိုက်၏ အလယ်ဗဟိုနေရာဖြစ်သည့် The Center of Asia အထိမ်းအမှတ်ကျောက်တိုင်ကို သွားရောက်ကြည့်ရှုလေ့လာကြပြီး အထိမ်းအမှတ်ကျောက်တိုင်နေရာ၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ အဆိုပါ The Center of Asia ကျောက်တိုင်တည်ရှိသည့်နေရာသည် Great Yenisei နှင့် Little Yenisei မြစ်နှစ်စင်းဆုံစည်းရာ မြစ်ကမ်းနံဘေးတွင်တည်ရှိပြီး အဆိုပါ The Center of Asia သည် အာရှတိုက်၏ ပထဝီဗဟိုချက်ကျရောက်သည့်နေရာကို အထိမ်းအမှတ်ကျောက်တိုင်အဖြစ် တည်ဆောက်ထားခြင်းဖြစ်ပြီး တူဗားပြည်နယ်၏ အထင်ကရနေရာတစ်ခုဖြစ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် တူဗားပြည်နယ် အမျိုးသားဂီတနှင့် ပြဇာတ်ရုံ "V.Kok-ool" သို့ရောက်ရှိပြီး တူဗားပြည်နယ် ယဉ်ကျေးမှုအဖွဲ့က ကမ္ဘာကျော် တူဗားရိုးရာ လည်ချောင်းသံဖြင့် သံစဉ်ပြုလုပ်သီဆိုရသော ရိုးရာတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခြင်းနှင့် ရိုးရာတူရိယာပစ္စည်းများဖြင့် ယဉ်ကျေးမှုအဖွဲ့များက တီးမှုတ်ဖျော်ဖြေ သရုပ်ဖော်တင်ဆက်ပြသခြင်းများကို ကြည့်ရှုအားပေးကြပြီး တူဗားပြည်နယ် အမျိုးသားဂီတနှင့် ပြဇာတ်ရုံ "V.Kok-ool" ၏ သမိုင်းမှတ်တမ်းပြခန်းကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။ အဆိုပါ တူဗားပြည်နယ် အမျိုးသားဂီတနှင့် ပြဇာတ်ရုံ "V.Kok-ool" သည် **ကီဇီးလ်မြို့**၏ ဗဟိုချက်မဖြစ်သော Arat Square (အာရက်ရင်ပြင်တွင်)တည်ရှိပြီး ၁၉၃၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ တူဗားပြည်နယ်၏ ထင်ရှားကျော်ကြားသော သရုပ်ဆောင်၊ စာရေးဆရာနှင့် ပြဇာတ်ရေးဆရာ Viktor Shogzhapovich Kok-ool ကို ဂုဏ်ပြု၍ အမည်ပေးထားခြင်းဖြစ်သည်။ အဆိုပါ အမျိုးသားဂီတနှင့်ပြဇာတ်ရုံတွင် ကမ္ဘာကျော်တူဗားရိုးရာ လည်ချောင်းသံသီချင်းများနှင့် ရိုးရာတူရိယာပစ္စည်းများ အသုံးပြု၍ တီးခတ်သီဆိုသရုပ်ဖော်တင်ဆက်ခြင်းများကို တူဗားဘာသာစကားနှင့် ရုရှားဘာသာစကားတို့ဖြင့် ကဏ္ဍအလိုက် တင်ဆက်လေ့ရှိသည်။

### လှည့်လည်ကြည့်ရှု

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တူဗားပြည်နယ် အမျိုးသားပြတိုက်သို့ ရောက်ရှိကြရာ ပြတိုက်အကြီးအကဲနှင့် တာဝန်ရှိသူများက ရှင်းရှင်းနီးနီး ကြိုဆိုနှုတ်ဆက်ကြပြီး ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် တူဗားလူမျိုးများ၏ တူဗားပြည်သူ့သမ္မတနိုင်ငံခေတ်မှ ကိုးကွယ်ခဲ့သည့် ဗုဒ္ဓဘာသာရုပ်ပွားတော်များ၊ လူမျိုးရေးဆိုင်ရာ ရှေးဘိုးဘေးတို့၏အသုံးအဆောင်ပစ္စည်းများ၊ လက်ဝတ်ရတနာအဆင်တန်ဆာများ၊ ရှေးယခင်က အမဲလိုက်ရာတွင် အသုံးပြုခဲ့သည့် လက်နက်ကိရိယာများ၊ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာများနှင့် တူဗားလူမျိုးများ ဝတ်စားဆင်ယင်ခဲ့သည့် ရိုးရာဝတ်စုံများ၊ တူဗားဒေသရှိ ယခင်က နေထိုင်မှုပုံစံ သရုပ်ပြခန်းများအတွင်း စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြရာ ပြတိုက်မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

အဆိုပါ တူဗားပြည်နယ် အမျိုးသားပြတိုက်ကို ၁၉၂၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ယခုပြတိုက်နေရာသို့ ၂၀၀၈ ခုနှစ်တွင် ပြောင်းရွှေ့ဖွင့်လှစ်ထားခြင်းဖြစ်သည်။ ပြတိုက်တွင် တူဗားလူမျိုးများ၏ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို စုဆောင်းထိန်းသိမ်းပြသထားပြီး တူဗားပြည်သူ့သမ္မတနိုင်ငံခေတ်မှ ရှားပါးအသုံးအဆောင်ပစ္စည်းများ၊ စာရွက်စာတမ်းများ၊ လူမျိုးရေးဆိုင်ရာပစ္စည်းများ၊ နတ်ကိုးကွယ်ယုံကြည်မှု၊ ဗုဒ္ဓဘာသာနှင့် အော်သိုဒေါ့တို့၏ ဘာသာရေးဆိုင်ရာပြခန်းများ၊ တူဗားလူမျိုးတို့၏ မဟာမျိုးချစ်စစ်ပွဲတွင် ပါဝင်မှုပြခန်းများအပါအဝင် ပြခန်းပေါင်း ၂၄ ခန်းကို ခင်းကျင်းပြသထားသည်။ တူဗားပြည်နယ် အမျိုးသားပြတိုက်သည် တူဗားပြည်နယ်၏ ထူးခြားသောသမိုင်းဝင်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို စနစ်တကျ ထိန်းသိမ်းထားသောနေရာတစ်ခုဖြစ်သည်။ နိုင်ငံတော်သမ္မတ ရောက်ရှိခဲ့သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် ကီဇီးလ်မြို့သည် ရုရှားနိုင်ငံတောင်ပိုင်း ဆိုက်ဘေးရီးယားဒေသရှိ တူဗားပြည်နယ်၏ မြို့တော်ဖြစ်သည်။

### ယဉ်ကျေးမှုအစဉ်အလာ

တူဗားပြည်နယ်သည် ကုန်းတွင်းပိတ်ဒေသဖြစ်ပြီး မြေမျက်နှာသွင်ပြင်မှာ ထူးခြားသည်။ Syan Mountains နှင့် Altai Mountains တို့က ဒေသကို ဝန်းရံထားသည်။ အလယ်ပိုင်းတွင် ကျယ်ပြန့်သည့် ချိုင့်ဝှမ်းလွင်ပြင်များရှိသည်။ ဒေသအတွင်း Yenisei မြစ်က ဖြတ်သန်းစီးဆင်းလျက်ရှိပြီး ဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် များစွာ အထောက်အကူပြုသည့်မြစ်ဖြစ်သည်။ မွေးမြူရေးလုပ်ငန်းများတွင် မြင်းမွေးမြူရေးသည် တူဗားဒေသ၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်တစ်ခုအဖြစ် ပါဝင်သည်။ တူဗားဒေသတွင် နေထိုင်ကြသူများ၏ ဘာသာစကား၊ ဂီတ၊ ဝတ်စားဆင်ယင်မှုနှင့် ရိုးရာယဉ်ကျေးမှုများသည် အလယ်အာရှနှင့် ဆိုက်ဘေးရီးယားဒေသ ယဉ်ကျေးမှုများကို ပေါင်းစပ်ထားသည့်ပုံစံဖြစ်သည်။ တူဗားဒေသသည် တိဗက်ဗုဒ္ဓဘာသာ၊ အော်သိုဒေါ့ခရစ်ယာန်ဘာသာနှင့် ရှားမန်နတ်ကိုးကွယ်မှုများ ယှဉ်တွဲတည်ရှိသည့် ယဉ်ကျေးမှုအစဉ်အလာများကို ကောင်းစွာ ထိန်းသိမ်းထားသောဒေသဖြစ်သည်။ တူဗားဒေသ မြို့တော် ကီဇီးလ်မြို့တွင် ရုရှားနိုင်ငံ၏ အကြီးဆုံး ဗုဒ္ဓဘုရားကျောင်းတော်တည်ရှိပြီး ဗုဒ္ဓဘာသာ တက္ကသိုလ်ကိုလည်း ဖွင့်လှစ်ထားသည်။

(၄)ကြိမ်မြောက် နိုင်ငံတကာဗုဒ္ဓဘာသာဖိုရမ်ကို မကြာမီက ကျင်းပပြုလုပ်ခဲ့ပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ၊ နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် လူမှုရေးနယ်ပယ်အသီးသီးမှ ထင်ရှားကျော်ကြားသည့်ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။အလားတူ အဆိုတော်တစ်ဦးတည်းမှနေ၍ မြစ်ရေစီးသံ၊ လေတိုက်သံ၊ မြင်းသံ စသည်များကို အသံတုများအဖြစ် ဖန်တီးသီဆိုသည့် ရိုးရာဂီတသည် တူဗားဒေသ၏ ထင်ရှားသောရိုးရာဂီတဖြစ်သည်။ တူဗားဒေသသည် ဆောင်းရာသီတွင် အလွန်အေးမြပြီး နွေရာသီတွင် နေ့အပူချိန် အလွန်မြင့်မားသဖြင့် ရာသီဥတုအလွန်ပြင်းထန်သည့် ဒေသဖြစ်သည်။ တူဗားဒေသသည် ယဉ်ကျေးမှု၊ လှပသည့် သဘာဝတောတောင်ရေမြေများနှင့် သမိုင်းကြောင်းများအရ ထင်ရှားမှုများရှိသဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ထူးခြားလှပထင်ရှားသည့်ဒေသတစ်ခုဖြစ်သည်။ တူဗားဒေသသည် ရေမြေတောတောင် ရာသီဥတုကွာခြားမှုရှိသည့် မြန်မာနိုင်ငံနှင့်ဆင်တူသည့်အပြင် မြန်မာနိုင်ငံအပေါ် သံယောဇဉ်မြင့်မားသဖြင့် တစ်သွေးတစ်သားတည်းဟု ဆိုရမည်ဖြစ်သည်။

> ❝ ရုရှားနိုင်ငံခရီးစဉ်တွင် မြန်မာ-ရုရှား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် ယုံကြည်လေးစားမှုတို့ကို ယခင်ထက် ပိုမိုမြှင့်တင်နိုင်ခဲ့သည်။ အားကြီးသူနှင့် အားငယ်သူဖြစ်သော်ငြား မိတ်ကောင်းဆွေကောင်းထက်ပိုသည့် ငယ်ပေါင်းကြီးဖော် သူငယ်ချင်းအဖြစ် ခံယူထားကြသည်ဖြစ်၍ ကိုယ်နှင့်ထပ်တူ သဘောထားဆက်ဆံခဲ့ကြသည်။ ရိုင်းပင်းကူညီပေးမခဲ့ကြသည်။ ရုရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အကျိုးစီးပွားဖြစ်ထွန်းမည်ဖြစ်သလို မြန်မာနိုင်ငံအနေဖြင့်လည်း အတတ်ပညာ၊ နည်းပညာ၊ အခွင့်အလမ်းများရရှိမည်သာမက နှစ်နိုင်ငံ ကုန်သွယ်စီးပွားအခွင့်အလမ်း အကျိုးအမြတ်များတိုးပွားလာမည် ❞

### ပြန်လည်ထွက်ခွာ

နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၃ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် ကီဇီးလ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့သည်။ နိုင်ငံတော်သမ္မတကြီး ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ခုနစ်ရက်ကြာ သွားရောက်ခဲ့သည့် တရားဝင်ခရီးစဉ်ကို သုံးသပ်ကြည့်မည်ဆိုလျှင် အောင်မြင်သော ခရီးစဉ်ဆိုသည်ထက် ပိုမိုလေးနက်နက်ရှိုင်းသည့် မဟာဗျူဟာမြောက်သည့် ခရီးစဉ်ဟုဆိုရမည်ဖြစ်သည်။ ပြည်သူက ရွေးချယ်တင်မြှောက်ခဲ့သည့် နိုင်ငံတော်အစိုးရသစ် နိုင်ငံတော်၏တာဝန်ကို စတင်တာဝန်ထမ်းဆောင်ခဲ့သည့် လေးလတာကာလ အတိအကျအားဖြင့် ရက်ပေါင်း ၁၃၅ ရက်အတွင်း နိုင်ငံတော်သမ္မတကြီးအနေဖြင့် နိုင်ငံတကာဆက်ဆံရေးမှတ်တိုင်ကို အထင်အရှား စိုက်ထူပြသနိုင်ခဲ့သည်။ နိုင်ငံတကာနယ်ပယ်အချို့တွင် မြန်မာနိုင်ငံအပေါ် မည်သို့ပင်သဘောထားသော်ငြားလည်း နိုင်ငံတော်သမ္မတကြီး၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် အောင်မြင်မှုများရရှိနေသည်ကို ငြင်းမရသည့် သက်သေများနှင့် မြင်တွေ့နေရပြီဖြစ်သည်။

နိုင်ငံတော်သမ္မတကြီးအနေဖြင့် နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်နေသည့်ကာလအတွင်း အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံ ခြောက်နိုင်ငံတို့ကို နိုင်ငံတော်အဆင့် တရားဝင်ခရီးစဉ်များအဖြစ် သွားရောက်ခဲ့ပြီးဖြစ်သည်။ ခြောက်နိုင်ငံ မိုင်ပေါင်း နှစ်သောင်းနီးပါးခရီးရှည်ကြီးအတွင်း နှစ်နိုင်ငံရင်းနှီးချစ်ကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်နိုင်သည်သာမက နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးဆောင်ရွက်ချက်များကို နိုင်ငံတကာမီဒီယာကြီးများပင် အသိအမှတ်ပြုခဲ့ကြသည်။ ယခု မိုင်ပေါင်းထောင်ချီဝေးကွာသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံခရီးစဉ်တွင် အိန္ဒိယနိုင်ငံနှင့် ကာဇက်စတန်နိုင်ငံတို့ကလည်း ခရီးဦးကြိုဆိုရင်းနှီးဆက်ဆံမှု ပိုမိုဖြည့်စွက်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ နိုင်ငံတော်သမ္မတကြီး၏ နိုင်ငံတကာဆက်ဆံရေး ကြိုးပမ်းဆောင်ရွက်မှုတွင် တရုတ်၊ ရုရှား၊ အိန္ဒိယ ကမ္ဘာ့နိုင်ငံကြီး သုံးနိုင်ငံမှ ခေါင်းဆောင်များနှင့်ရင်းရင်းနှီးနှီး ထိတွေ့ဆက်ဆံဆွေးနွေးနိုင်ပြီး အပြန်အလှန်ယုံကြည်မှုများ တည်ဆောက်နိုင်ကာ မဟာဗျူဟာမြောက်ဆက်ဆံရေးကို အဆင့်မြှင့်နိုင်ခဲ့သည်။

### နှစ်နိုင်ငံအကျိုးစီးပွား

ရုရှားနိုင်ငံခရီးစဉ်တွင် မြန်မာ-ရုရှား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် ယုံကြည်လေးစားမှုတို့ကို ယခင်ထက် ပိုမိုမြှင့်တင်နိုင်ခဲ့သည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ပြီး ရုရှားနိုင်ငံသည် ဖွံ့ဖြိုးပြီးနိုင်ငံကြီးဖြစ်သည်။ အားကြီးသူနှင့် အားငယ်သူဖြစ်သော်ငြား မိတ်ကောင်းဆွေကောင်းထက်ပိုသည့် ငယ်ပေါင်းကြီးဖော် သူငယ်ချင်းအဖြစ် ခံယူထားကြသည်ဖြစ်၍ ကိုယ်နှင့်ထပ်တူ သဘောထားဆက်ဆံခဲ့ကြသည်။ ရိုင်းပင်းကူညီပေးမခဲ့ကြသည်။ ရုရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အကျိုးစီးပွားဖြစ်ထွန်းမည်ဖြစ်သလို မြန်မာနိုင်ငံအနေဖြင့်လည်း အတတ်ပညာ၊ နည်းပညာ၊ အခွင့်အလမ်းများရရှိမည်သာမက နှစ်နိုင်ငံ ကုန်သွယ်စီးပွားအခွင့်အလမ်း အကျိုးအမြတ်များ တိုးပွားလာမည်ဖြစ်သည်။ ခရီးစဉ်တွင် နှစ်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ပညာရေး၊ ကျန်းမာရေး၊ အာကာသနှင့် နည်းပညာ၊ သိပ္ပံနှင့် နည်းပညာ၊ စွမ်းအင်နှင့် ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလာရေးစသည့် နယ်ပယ်ကဏ္ဍအားလုံးကို လွှမ်းခြုံဆွေးနွေးနိုင်ခဲ့သည်။ နိုင်ငံတော်သမ္မတအနေဖြင့် အစည်းအဝေးပေါင်း ၁၅ ခုတွင် ဆွေးနွေးခဲ့ပြီး G to G MoU ၁၂ ခု ရေးထိုးနိုင်ခဲ့သည်။

ဘယ်လာရုစ်နိုင်ငံခရီးစဉ်တွင် ဘယ်လာရုစ်သမ္မတကြီးနှင့် နှစ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ပြီး ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌများနှင့်လည်း ဆွေးနွေးနိုင်ခဲ့သည်။ မင့်စ်မြို့တွင် ပြုလုပ်သည့် စီးပွားရေးဖိုရမ်တွင် မြန်မာနိုင်ငံ၏ အားသာချက်များကို ထုတ်ဖော်တင်ပြနိုင်ခဲ့ပြီး ဘယ်လာရုစ်နိုင်ငံ၏ အားသာချက်များနှင့်ပေါင်းစပ်၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရေး သဘောတူညီချက်များရရှိခဲ့သည်။ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးတွင် အကန့်အသတ်မထားဘဲ အဆင့်မြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟု ဘယ်လာရုစ်သမ္မတကြီး ကတိပြုချက်သည် မိတ်ဆွေရင်းထက်ပိုသည့် မိတ်ကောင်းဆွေကောင်း ဆက်ဆံဆောင်ရွက်ခြင်းဖြစ်ပါသည်။ နိုင်ငံတော်သမ္မတအနေဖြင့် ရုရှား၊ ဘယ်လာရုစ် သမ္မတကြီး နှစ်ဦးစလုံးနှင့် ပုဂ္ဂိုလ်ရေးအရ ခင်မင်ရင်းနှီးမှုအပြင် မိတ်ဆွေသူငယ်ချင်းဆက်ဆံရေးဖြင့် နှစ်နိုင်ငံ အကျိုးစီးပွားများကို ဆောင်ကြဉ်းပေးနိုင်ခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ရုရှား၊ ဘယ်လာရုစ်နှစ်နိုင်ငံ တရားဝင်ခရီးစဉ်သည် အနေဝေးသော်လည်း သွေးမဝေးသော ယုံကြည်စိတ်ချအားထားရသည့် မိတ်ဆွေနိုင်ငံ၊ ကာလရှည်မိတ်ဖက်နိုင်ငံ၊ မဟာဗျူဟာမိတ်ဖက်နိုင်ငံများအဖြစ် နှစ်နိုင်ငံအကျိုးစီးပွားများကို ဆောင်ကြဉ်းပေးနိုင်တော့မည်ဖြစ်ပါသည်။ ။



အာရှတိုက်၏ အလယ်ဗဟိုနေရာဖြစ်သည့် The Center of Asia အထိမ်းအမှတ် ကျောက်တိုင်ကို တွေ့ရစဉ်။

# ၂၀၂၆ ခုနှစ်၊ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ အထိမ်းအမှတ် မန္တလေးတိုင်းဒေသကြီးအဆင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု တန်ဖိုးသင့်အာဟာရ ချက်ပြုတ်ပြိုင်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဩဂုတ် ၂၅**

၂၀၂၆ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ အထိမ်းအမှတ်အဖြစ် မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသည့် တိုင်းဒေသကြီးအဆင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှု တန်ဖိုးသင့်အာဟာရချက်ပြုတ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး ဒေါ်မမ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများ၊ အကဲဖြတ်အမှတ်ပေးဒိုင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တန်ဖိုးသင့်အာဟာရချက်ပြုတ် ပြိုင်ပွဲဝင်များနှင့် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။



၎င်းနောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူတို့က အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု တန်ဖိုးသင့်အာဟာရချက်ပြုတ် ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များ၊ ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြသည်။

ဆက်လက်၍ ဆုရရှိသည့် ခရိုင်အသင်းများအား ဆုများချီးမြှင့်ရာ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ပထမဆုရ မဟာအောင်မြေခရိုင်အသင်း၊ ဒုတိယဆုရ တံတားဦးခရိုင်အသင်း၊ တတိယဆုရ အမရပူရခရိုင်အသင်း၊ အထူးဆုရရှိသည့် ခရိုင်အသင်းများအား ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ ကိုယ်ဝန်ဆောင် မိခင်များအား ကြက်ဥ၊ ဖီးကြမ်းငှက်ပျောသီးအပါ အာဟာရဖြည့်စွက်စာများနှင့် အဏုအာဟာရဆေးပြားများ ပေးအပ်ခဲ့ကြောင်း၊ အသက် ၆ လ မှ အသက် ၅ နှစ် အထိ ကလေးများအား အသက်အရွယ်အပိုင်းအခြားအလိုက် ဗီတာမင်အေ ဆေးများတိုက်ကျွေးခဲ့ပြီး အမှတ်တရလက်ဆောင်များနှင့် အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

---

## အခြေခံနှင့်မွမ်းမံ စက်ချုပ်နည်းပညာသင်တန်းဆင်းပွဲနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကျင်းပ



**မကွေး ဩဂုတ် ၂၅**

မကွေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ကြီးမှူး၍ ဒေသတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်း ဖြင့်ဆောင်ရွက်ခဲ့သည့် အခြေခံနှင့် မွမ်းမံ စက်ချုပ်နည်းပညာသင်တန်းဆင်းပွဲနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက မကွေးမြို့နယ် ယင်းသာစည်(န)ကျေးရွာရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ဦးစွာ အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်စုစုခိုင်က စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် တာဝန်ရှိသူများက သင်တန်းသူများထံ သင်တန်းဆင်းလက်မှတ်၊ သင်တန်းထွက် ကုန်ချောပစ္စည်းများနှင့် ထူးချွန်သင်တန်းသူ (၅)ဦးတို့အား တစ်ဦးလျှင် ငွေကျပ်(၁၈)သိန်းနှင့် ညီမျှသည့် လုပ်ငန်းသုံးပစ္စည်းများ ချီးမြှင့်ပေးအပ်ရာလုပ်ငန်း ထူထောင်မည့် သင်တန်းသူများ ကိုယ်စားသင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

စက်ချုပ်နည်းပညာသင်တန်းတွင် ယင်းသာစည်(န) ကျေးရွာမှ သင်တန်းသူ ၁၅ ဦး ဖြင့် ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၃ ရက်မှ ဩဂုတ် ၂၃ ရက်နေ့အထိ အခြေခံနှင့် မွမ်းမံသင်တန်းများ အဖြစ် ရက်ပေါင်း (၄၅)ရက် ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ထူးချွန်သော သင်တန်းသူများ ရွေးချယ်ကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများပေးအပ်ခြင်း ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။ **(အပေါ်ဝဲပုံ)**

**မောင်နိုင်မင်း(ပြန်/ဆက်)**

---

## ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂၅**

အခြေခံပညာကျောင်းသား၊ ကျောင်းသူများ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာ ဗဟုသုတများ တိုးပွားရရှိစေရန်နှင့် ဖြောင့်မတ်တည်ကြည်မှုတန်ဖိုးများကို နားလည်သဘောပေါက်စေရန်ရည်ရွယ်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (မန္တလေးရုံးခွဲ)က ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်းခွဲရှိ ချယ်ရီစူပါစိမ်းခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် စုံစမ်းရေးမှူး ဦးအောင်မျိုးထိုက်က ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်(ဆရာကိုင်)စာအုပ်ပါ သင်ခန်းစာများကို အခြေခံ၍ အဂတိလိုက်စားမှု၏ ဆိုးကျိုးများနှင့် အများအကျိုး၊ ကိုယ်ကျိုးအကြား မှန်ကန်စွာ ခွဲခြားတွေးခေါ်နိုင်ရေးတို့ကိုလည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်နွဲ့နွဲ့မှုက ဖြောင့်မတ်တည်ကြည်မှု တန်ဖိုးများနှင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အကြောင်းအရာများကိုလည်းကောင်း အသိပညာပေး ဆွေးနွေးဟောပြောသည်။

အခမ်းအနားသို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် (မန္တလေးရုံးခွဲ)မှ ညွှန်ကြားရေးမှူး ဦးအောင်ထူးမြင့်၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်နိုင်ထွန်း၊ အထက(ခွဲ)-၁၃ ကျောင်းအုပ်ဆရာကြီး ဦးလှိုင်မြင့်၊ ဆရာ၊ ဆရာမများနှင့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၅၀ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၀၀ ဦး တက်ရောက်ခဲ့ကြသည်။

အဆိုပါပညာပေးဟောပြောပွဲမှတစ်ဆင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ငယ်စဉ်ကတည်းက ဖြောင့်မတ်တည်ကြည်မှု၊ ရိုးသားမှုနှင့် တာဝန်ယူမှုတန်ဖိုးများကို သိရှိနားလည်ကာ နေ့စဉ်ဘဝတွင် လက်တွေ့ကျင့်သုံးနိုင်ရေးအတွက် အသိပညာများ ရရှိခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**



---

## ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအား ကွင်းဆင်းစစ်ဆေး



**မိတ္ထီလာ ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် မြာကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအား တာဝန်ရှိသူများက ယမန်နေ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မြာကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ ၅၀ ရာခိုင်နှုန်းမှ ငွေကျပ် သန်း ၉ ဒသမ ၅၀ နှင့် ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၂ သန်း တို့ဖြင့် ကျေးရွာတွင်းလမ်း အရှည် ပေ ၂၀၅ ပေ ၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ဇူလိုင် ၂၉ ရက်မှ စတင်၍ ဆောင်ရွက်ခဲ့ရာ အဆိုပါလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထိုက်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**(၄၆၉)**

ကျန်းမာရေးဝန်ကြီးဌာန

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

ပထမပတ် - မိခင်နို့ တိုက်ကျွေးရေးရက်သတ္တပတ်

ဒုတိယပတ် - အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်

တတိယပတ် - ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်

စတုတ္ထပတ် - အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ်

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကား ပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသည့် တေးသီချင်းများ

(ယမန်နေ့မှအဆက်)

### "အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်း"

၁။ ဝါသနာရှင် (ဒုတိယတန်း) အမျိုးသား

(က) မြန်မာသီချင်းဆိုရအောင် (လှမြင့်ဝင်း)
(ခ) လူချွန်လူကောင်း (ကိုအံ့ကြီး)
(ဂ) ကမ္ဘာတည်သရွေ့ (အောင်ထက်)
(ဃ) ငြိမ်းချမ်းရေးပန်းခင်း (နိုင်ထူး)
(င) စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ် (ဇော်ဝင်းထွဋ်)

၂။ ဝါသနာရှင် (ဒုတိယတန်း) အမျိုးသမီး

(က) ပြည်ထောင်စုစိတ်ဓာတ် (ရန်အောင်၊ ကျော်စိုးဦး၊ ရတနာဦး၊ စိုးစန္ဒာထွန်း)
(ခ) တပင်ရွှေထီး (မကြည်အောင်)
(ဂ) မြန်မာ့မူမှန် (မြန်မာ့အသံအဖွဲ့)
(ဃ) ပြည်ထောင်စုရဲ့ထာဝရ အလှများ (ဆုန်သင်းပါရ်)
(င) ပင်ချင်းယှက်၍ နွယ်ချင်းခက်သော် (မာမာအေး)

၃။ အဆင့်မြင့် (အမျိုးသား)

(က) အဖိုးတို့ အဖေတို့ ကျွန်တော်တို့တေးများ (မောင်မြတ်သူ)
(ခ) မဟာ (ဇော်ဝင်းထွဋ်)
(ဂ) ဇာတိမာန် (ဥသြဘသောင်)
(ဃ) ခေတ်ဆန်းချိန် (ရွှေညာမောင်)

၄။ အဆင့်မြင့် (အမျိုးသမီး)

(က) ရွှေအဆင်းနဲ့ပြည်မြန်မာ (နွဲ့ယဉ်ဝင်း)
(ခ) ကမ္ဘာတည်သရွေ့ မြန်မာပြည်ရှိနေမှာ (ဟေမာနေဝင်း)
(ဂ) တစ်ဘာသာသာအလှ (ငြိမ်းငြိမ်းအိ)
(ဃ) နွယ်သာကီ (ခင်ညွန့်ရီ)

၅။ အခြေခံ (၁၅-၂၀) အမျိုးသား

(က) ဖေဖေပြောသောပုံပြင် (မောင်တင်ဝင်း)
(ခ) အနာဂတ်ပန်း (ညွန့်ဝင်း+ အေဝမ်းတင်တင်လှ)
(ဂ) ရောင်နီသစ်ပြီ (ရဲထိုက်+ရွှေနန်းထက်)
(ဃ) မြန်မာ့ဂုဏ်ရည် (ဝင်းဦး)

၆။ အခြေခံ (၁၅-၂၀) အမျိုးသမီး

(က) ပန်းတိုင်းပွင့်၍မွှေးသောမြေ (ရတနာဦး)
(ခ) မြန်မာပြည်ကိုလာပါ (နွဲ့ယဉ်ဝင်း)
(ဂ) မင်္ဂလာပါရှင် (ကြည်ကြည်ဝင်း)
(ဃ) လှပတဲ့အနာဂတ်ဆီသို့ (မေဆွိ)

### (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "စောင်း" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)

(က) ဖြူပြာမှုရာ (ပတ်ပျိုး)
(ခ) တောတောင်စွယ် (ယိုးဒယား)
(ဂ) စုံသာမြိုင်လယ် (သီချင်းခံ)
(ဃ) စိန်မြရံခြယ် (မွန်)
(င) သပြေပင်ဝန်း (ကြိုး)
(စ) အောင်မြေသာစံ (ပတ်ပျိုး)
(ဆ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
(ဇ) ဘုန်းမျှားမျှားမင်း (ပတ်ပျိုး)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)

(က) ခါနွေဆန်း (ယိုးဒယား)
(ခ) ရှစ်စုံရှက်ကြာ (ပတ်ပျိုး)
(ဂ) ရွှေနန်းအောင်ချာ (ကြိုး)
(ဃ) ညဦးသုံးယံခါ (ပတ်ပျိုး)
(င) ခိုင်ပန်းစုံ (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)

(က) အိုသာတင့်ဆုံး (ယိုးဒယား)
(ခ) ရွှန်းရွှန်းမြ (သီချင်းခံ)
(ဂ) မာရဝိဇယ (ဘွဲ့)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က) ကျွန်းကျွန်းပိုင်သ (ကြိုး)
(ခ) ဝိဇ္ဇာတောလား (ယိုးဒယား)
(ဂ) သည်ဆောင်းဟေမာန် (ဘွဲ့)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က) ကန္တာတောခြေ (ယိုးဒယား)
(ခ) နှုန်းနှန်းထောက်စား (ကြိုး)
(ဂ) မင်္ဂလာသီရိ (ဘွဲ့)

### "စန္ဒရား" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)

(က) ဇာတိအာဏာ (ယိုးဒယား)
(ခ) ရဝိန်ဒေါင်းယာဉ်ပျံ (ပတ်ပျိုး)
(ဂ) ပန်းမြိုင်လယ် (ယိုးဒယား)
(ဃ) ကောင်းချီးသဒ္ဒါ (မွန်)
(င) မိုဃ်းဒေဝါ-ချိန်ခါလေ (ပတ်ပျိုး)
(စ) ယသော်ဓရာ (ယိုးဒယား)
(ဆ) သေနင်္ဂမည် (မိုးဘွဲ့ပတ်ပျိုး)
(ဇ) အောင်မြေသာစံ (ပတ်ပျိုး)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)

(က) သောင်းရွှေလယ် (ယိုးဒယား)
(ခ) ဆောင်းနှင်းဖြူနှင့် ကိုယ့်ချစ်သူ (ကာလပေါ်)၊ တွံတေးသိန်းတန်(key-G)
(ဂ) ချစ်သမျှကို (ပတ်ပျိုး)
(ဃ) တောဟေဝန်လယ် (ယိုးဒယား)
(င) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)

(က) ပန်းဟေဝန် (ယိုးဒယား)
(ခ) မဲဇာတောင်ခြေ (ပတ်ပျိုး)
(ဂ) မေ့ဘဝခဏ ဘယ်သူယူပေါ့မယ် (ကာလပေါ်)၊ (မာမာအေး keyC")

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က) ဖြေလျော့ခွေ (ပတ်ပျိုး)
(ခ) အင်ကြင်းသရဖီ (ယိုးဒယား)
(ဂ) ပြန်လည်ဆုံစည်းကြမယ် အချစ်ရယ် (ကာလပေါ်)၊ (စန္ဒရားချစ်ဆွေkeyD)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က) ခါနွေဆန်း (ယိုးဒယား)
(ခ) မြသို့ငယ်စိမ်းနု (ဘွဲ့)
(ဂ) ညအတွေး (ကာလပေါ်) (မာမာအေး Key -G)

### "ပတ္တလား" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)

(က) ထွန်းလင်းလျှံလက် (ပတ်ပျိုး)
(ခ) ညာသပြေဘောင် (ကြိုး)
(ဂ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
(ဃ) အောင်မင်္ဂလာ (ယိုးဒယား)
(င) စိန်မြရံခြယ် (မွန်)
(စ) ဟေမဝန်ချာ (ဘွဲ့)
(ဆ) မြန်သပြေညာ (ယိုးဒယား)
(ဇ) ရွှေပန်းပန်အစချီ ကိုယ်တော်နှင်းနံ့ (လေးထွေသံကပ်) (လေးပေါက်အောက်ပြန်ဖြင့် တီးရပါမည်)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)

(က) ပန်းဟေဝန် (ယိုးဒယား)
(ခ) အမင်းမင်းခယ (သီချင်းခံ)
(ဂ) အောင်မြေမြမန်း (ပတ်ပျိုး)
(ဃ) ဩဘာမင်္ဂလာ (ဘွဲ့)
(င) ကိုးပါးပေါင်းစု (ကြိုး)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)

(က) လူမနော (ပတ်ပျိုး)
(ခ) နန်းဘုံသီဟာဗွေ (ယိုးဒယား)
(ဂ) ဝေဇယန်နှင့်နှုန်းငြား (ကြိုး) (၈)ဝါးဖြင့်တီးရန်

၄။ အခြေခံပညာ(၁၅-၂၀)အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) ညဦးသုံးယံခါ (ပတ်ပျိုး)
(ခ) ကုဏ္ဍလာ (ယိုးဒယား)
(ဂ) ထိပ်တင်ဇော် (ဝတ်တော်သိမ်း)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) ဟေမာန်ဗွေဟန် (ပတ်ပျိုး)
(ခ) ဂန္ဓမာတောင် (ဘွဲ့)
(ဂ) ဇေယျာအောင်ချာ (ကြိုး)

*(ဆက်လက်ဖော်ပြပါမည်)*

## ရန်ကုန်-မန္တလေးရထားလမ်းပိုင်း၌ ပြေးဆွဲပေးလျက်ရှိသည့် အမှတ်(၆)အစုန် မန္တလေး-ရန်ကုန် DEMU ရထားအား ခဲဖြင့်ပေါက်သူကို ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိ



ညောင်လွန့်နှင့် မကျီးပင်ဘူတာအကြား အမှတ်(၆)အစုန် DEMU ရထားအား ခဲဖြင့်ပစ်ပေါက်မှုကြောင့် ပထမတန်းတွဲ၏ ပြတင်းတံခါးမှန် ကြေမွကွဲအက်ခဲ့သည်ကို တွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၂၅

မြန်မာ့မီးရထား အနေဖြင့် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရေးအတွက် ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့် လူစီးအမြန်ရထားများ၌ ပြေးဆွဲပေးလျက်ရှိရာ ယနေ့ နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် အမှတ်(၆) အစုန် မန္တလေး-ရန်ကုန် DEMU လူစီး အမြန်ရထားသည် ညောင်လွန့်နှင့် မကျီးပင်ဘူတာအကြား မိုင်တိုင်အမှတ် (၂၅၈/၂၄) နှင့် (၂၅၈/၂၃) ကြား ရန်ကုန်-မန္တလေးရထားလမ်းပိုင်း တပ်ကုန်းမြို့နယ်အတွင်း ရထားပြေးဆွဲနေစဉ်ရထားလမ်းညာဘက်ခြမ်းမှ ခဲဖြင့်ပစ်ပေါက်ခဲ့သဖြင့် ရထားတွဲဆိုင်း ၅ တွဲမြောက် ပထမတန်းတွဲ DEMU F(C)-1006 တွဲ၏ ခုံအမှတ် ၄၃၊ ၄၄၊ ၄၅ နှင့် ၄၆ အကြား ပြတင်းတံခါးမှန်အား ထိမှန်၍ မှန်ကြေမွကွဲအက်မှုဖြစ်ပွားပြီး ခရီးသည်များထိခိုက်မှု မရှိကြောင်း သိရသည်။

အဆိုပါ ဖြစ်ပွားရာနေရာအနီး မကျီးပင်ဘူတာသို့ ရထားအား နောက်ပြန်ဆုတ်၍ ရထားလိုက်လုံခြုံရေး ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက တရားခံဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ပြီး ရထားပို့ဆောင်ရေး လုပ်ငန်းဥပဒေနှင့်အညီ အရေးယူနိုင်ရေးသက်ဆိုင်ရာနယ်မြေရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါဖြစ်စဉ်ကြောင့် ရထားကြန့်ကြာမှုမိနစ်(၂၀)ဖြစ်ပေါ်ခဲ့ပြီး အခြားရထားများကြန့်ကြာမှု မရှိဘဲ ပုံမှန်အတိုင်း ပြေးဆွဲခဲ့သည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေး လုပ်ငန်းဥပဒေ၊ အခန်း ၁၈၊ ပုဒ်မ ၇၉ (ခ) အရ ရထားကိုတစ်စုံတစ်ရာဖြင့် ပစ်ပေါက်ခြင်း (သို့မဟုတ်) တစ်စုံတစ်ရာ ပြုလုပ်ခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ (၈၄)အရ ထိုသူကို အနည်းဆုံး ငါးနှစ်မှ နှစ် ၂၀ အထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုလည်းချမှတ်နိုင်ကြောင်း သိရှိရပြီး ဥပဒေနှင့်အညီဆက်လက်အရေးယူသွားမည် ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူများ အဆင်ပြေကောင်းမွန်စွာ ခရီးသွားလာနိုင်ရေးအတွက် အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်း ထိန်းသိမ်းသွားရန်လိုအပ်ကြောင်း မြန်မာ့မီးရထားမှသိရသည်။

သတင်းစဉ်

## အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ငါးဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်



နေပြည်တော် ဩဂုတ် ၂၅

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်သမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား သုံးဦးနှင့် မလေးရှားနိုင်ငံသား နှစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ငါးဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေး တံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ ထပ်မံလွှဲပြောင်းပေးသည်။

### ကြည့်ရှုစစ်ဆေး

အဆိုပါပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံ မှန်ကန်မှုရှိရေးတို့ကို လိုက်လံ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင့်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံရုံးမှ Third Secretary Mrs. Nur Shakila Binti Lawrence နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ Assistant Section Officer Mr. Jesse Elhanan Warbah နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဩဂုတ် ၂၅ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၆၄ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသား အားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၈၂၅ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၃၉ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၂၄ ဦးရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၁၅ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင် ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

❐ စာမျက်နှာ ၂၄ မှ

နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ ပိုက်ကျော်ခြင်း အမျိုးသမီးနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များအဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ မွန်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် မွန်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဩဂုတ် ၂၆ ရက်တွင် ပိုက်ကျော်ခြင်း(အမျိုးသား/အမျိုးသမီး) အကြိုဗိုလ်လုပွဲ၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်ရာ အားကစားဝါသနာရှင်များ မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း ဖွင့်လှစ်

**မန္တလေး ဩဂုတ် ၂၅**

မန္တလေး မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေးသင်တန်း(၂/၂၀၂၆)သင်တန်းကို ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ ၃၅လမ်း၊ ၈၉လမ်းနှင့် လမ်း၉၀ကြားရှိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၊ အစည်းအဝေးခန်းမတွင် ဖွင့်လှစ်လျက်ရှိသည်။

အဆိုပါသင်တန်းသို့ ယနေ့နံနက် ၇ နာရီကမန္တလေးတိုင်းဒေသကြီး လွှတ်တော်၊ ဒုတိယဥက္ကဋ္ဌဦးကျော်မြင့်၊ ပြည်ကြီးတံခွန်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်တို့က နိုင်ငံတော်၏မူဝါဒများ၊ လွှတ်တော်များ၏ အခန်းကဏ္ဍ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အုပ်ချုပ်ရေးကဏ္ဍတို့၏အရေးပါမှုများအား ဆွေးနွေးပို့ချခဲ့ကြသည်။

သင်တန်းပို့ချရာသို့ ချမ်းအေးသာစံမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေး၊ ပြည်ကြီးတံခွန်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်၊ ချမ်းအေးသာစံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ရဲမှူးမျိုးနိုင်နှင့် တာဝန်ရှိသူများ ချမ်းအေးသာစံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးအောင် မြို့နယ်ပြည်ခိုင်ဖြိုးပါတီမြို့နယ်ကော်မတီဝင် ဦးအောင်သူဝင်းတို့ တက်ရောက်ခဲ့ကြပြီး ရပ်ကွက်ကြီး ၂၀ မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား ဩဂုတ်လ ၁၀ ရက်မှ စက်တင်ဘာ ၄ ရက်နေ့အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

(ဝ၄၁)



## မူခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**မိုင်းဖြတ် ဩဂုတ် ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်တွင် မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက တောညကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မိုင်းဖြတ်မြို့မ ရဲစခန်းမှ စခန်းမှူး ချမ်းသာက မိမိတို့ကျေးရွာအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရန်အချက်များ၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဆိုးကျိုးများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ရဲတပ်ကြပ်ကြီး ကိုဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာသိကောင်းစရာများနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး ပြည်သူများ ပူးပေါင်းပါဝင်ပေးခေါင်းစဉ်ဖြင့် ပညာပေးပြောကြားခဲ့သည်။

ဆက်လက်၍ ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ကျေးရွာနေပြည်သူများက သိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။ အဆိုပါ အသိပညာဟောပြောပွဲသို့ တောညကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ငါးရွာမှ ဒေသခံပြည်သူ ၆၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




## 2026 Cincinnati Open အမျိုးသားတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Arthur Fils ဆွတ်ခူး



**ဝါရှင်တန် ဩဂုတ် ၂၅**

အမေရိကန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Cincinnati Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ပြင်သစ်တင်းနစ်ကစားသမား Arthur Fils က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ပြင်သစ်တင်းနစ်ကစားသမား Arthur Fils သည် 2026 Cincinnati Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အမေရိကန်တင်းနစ်ကစားသမား Frances Tiafoe ကို ၆-၃၊ ၁-၆၊ ၆-၀ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ Arthur Fils က 'ကျွန်တော်အခုလို 2026 Cincinnati Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နိုင်ငံအတွက်လည်းဂုဏ်ဆောင်နိုင်ခဲ့ပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေ ထပ်မံဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ'ဟု ပြောသည်။

(ဝဲပုံ)
(NGB)

## အန်တိုနီယိုဆီဗီရာ အလာဗက်စ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မက်ဒရစ် ဩဂုတ် ၂၅**

အလာဗက်စ်အသင်းသည် အသင်းဂိုးသမား အန်တိုနီယိုဆီဗီရာကို ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။ (အောက်ယာပုံ)

အဆိုပါ ဂိုးသမားသည် အလာဗက်စ်အသင်းနှင့်အတူ ၂၀၁၇-၂၀၁၈ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၇၇ ပွဲကစားပြီး အကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၃၀)နှစ် အရွယ်ရှိ အန်တိုနီယိုဆီဗီရာက 'ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ ရလဒ်ကောင်းတွေလည်း ရယူသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်'ဟု ပြောသည်။(NGB)



## ဘာဒီယာရှိလီ နာပိုလီအသင်းတွင် ကျောနံပါတ် (၅)ဂျာစီကို ဝတ်ဆင်ကစားသွားမည်

**တူရင် ဩဂုတ် ၂၅**

နောက်ခံကစားသမားသစ် ဘာဒီယာရှိလီ နာပိုလီအသင်းတွင် ကျောနံပါတ် (၅)ဂျာစီကို ဝတ်ဆင် ကစားသွားမည်ဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် ချဲလ်ဆီးအသင်းမှ နာပိုလီအသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

နောက်ခံကစားသမား ဘာဒီယာရှိလီသည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၁ပွဲကစားပြီး နှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နာပိုလီအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် နောက်ခံကစားသမား ဘာဒီယာရှိလီအနေဖြင့် စီးရီးအေတွင် နာပိုလီအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ)
(NGB)





## ရိုးမားအသင်းက ဖီအိုရင်တီးနားအသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့်အနိုင်ရရှိ

**တူရင် ဩဂုတ် ၂၅**

အီတလီစီးရီးအေပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ရိုးမားအသင်းနှင့် ဖီအိုရင်တီးနားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရိုးမားအသင်းက ဖီအိုရင်တီးနားအသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ (အပေါ်ပုံ)

ရိုးမားအသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၂၇ မိနစ်၊ ၅၂ မိနစ်၊ မိနစ် ၆၀ တို့တွင် မာလန်၊ ပွဲချိန် ၈၆ မိနစ်တွင် ပီစီလီတို့က အသီးသီး သွင်းယူပေးခဲ့သည်။

ရိုးမားအသင်းသည် အီတလီစီးရီးအေပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၃၁ ရက်တွင် လက်ချီအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (NGB)



## ဂျူဆစ်ဆူတာလိုကို အငှားစာချုပ်ဖြင့် လာဇီယိုအသင်းခေါ်ယူ

**တူရင် ဩဂုတ် ၂၅**

လာဇီယိုအသင်းသည် အေဂျက်စ်အသင်းနောက်ခံကစားသမား ဂျူဆစ်ဆူတာလိုကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် လာဇီယိုအသင်းတွင် ကျောနံပါတ် (၃၇)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

နောက်ခံကစားသမား ဂျူဆစ်ဆူတာလိုသည် အေဂျက်စ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၈ပွဲကစားပြီး လေးဂိုးသွင်းယူကာ ခြေစွမ်းပြထားနိုင်ခြင်းကြောင့် လာဇီယိုအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

လာဇီယိုအသင်းသည် လက်ရှိဈေးကွက် ကစားသမား ခြောက်ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

(ဝဲပုံ) (NGB)

## ဘောလုံးသတင်းအတိုအထွာများ

* မန်ယူအသင်းနှင့် စပါးအသင်းတို့သည် ခရစ္စတယ်ပဲလေ့စ်အသင်းတိုက်စစ်မှူး ဂျင်းဖိလစ်ပီမာတီတာကို အပြိုင်ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

* အာဂျင်တီးနားဂန္ထဝင်ကစားသမား မာရာဒိုနာ ဘုရားပေးသော လက် Hand of God ဖြင့် သွင်းယူခဲ့သည့် ဘောလုံးကို ဒေါ်လာ ၃ ဒသမ ၃၅ သန်းဖြင့် လေလံတင်ရောင်းချနိုင်ခဲ့သည်။

(NGB)

## မာလစ်ခ်ဒီယော့ဖ်ကို ခေါ်ယူရန် ဘရန့်ဖို့ဒ်အသင်း ကမ်းလှမ်း



**လန်ဒန် ဩဂုတ် ၂၅**

ဘရန့်ဖို့ဒ်အသင်းသည် ဝက်စ်ဟမ်း အသင်းနောက်ခံကစားသမား မာလစ်ခ်ဒီယော့ဖ်ကို စတာလင်ပေါင် ၃၇သန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။

အသက်(၂၁)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဝက်စ်ဟမ်းအသင်းနှင့်အတူ ပြီးခဲ့သည့်ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၄ပွဲကစားပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘရန့်ဖို့ဒ်အသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား မာလစ်ခ်ဒီယော့ဖ်ကိုယ်တိုင်ကလည်း လက်ရှိအချိန် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် ဝက်စ်ဟမ်းအသင်းမှ ထွက်ခွာဖွယ်ရှိနေသည်။

ထို့ကြောင့် ဘရန့်ဖို့ဒ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ဝက်စ်ဟမ်းအသင်းထံမှ မာလစ်ခ်ဒီယော့ဖ်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## ၂၁ ရာစုအတွင်း ပထမဆုံးစပိန်လာလီဂါပွဲတွင် ဂိုးပန်တီးမှု နှစ်ကြိမ်ပြုလုပ်နိုင်သည့် ကစားသမားအဖြစ် ဂေါ်ဒွန် မှတ်တမ်းဝင်

**မက်ဒရစ် ဩဂုတ် ၂၅**

ဘာစီလိုနာအသင်း တောင်ပံကစားသမား ဂေါ်ဒွန်သည် ၂၁ ရာစုအတွင်း ပထမဆုံးကစားခဲ့သည့် စပိန်လာလီဂါပွဲတွင် ဂိုးဖန်တီးမှု နှစ်ကြိမ်ပြုလုပ်နိုင်သည့် ကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် စပိန်လာလီဂါပွဲစဉ်အဖြစ် ဘာစီလိုနာအသင်းက အယ်လ်ချီအသင်းကို ငါးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဂိုးဖန်တီးမှု နှစ်ကြိမ်ပြုလုပ်ပေးနိုင်ခဲ့ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တောင်ပံကစားသမား ဂေါ်ဒွန်သည် လက်ရှိဈေးကွက်အတွင်းတွင် ဘာစီလိုနာအသင်းသို့ ရောက်ရှိလာခဲ့ပြီး ပထမဆုံးကစားခဲ့သည့်ပွဲစဉ်မှာပင် ဂိုးဖန်တီးမှု နှစ်ကြိမ်ပြုလုပ်ပြီး ခြေစွမ်းပြနိုင်ခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ဂေါ်ဒွန်က 'ကျွန်တော်အခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ယခုနှစ်ဘောလုံးရာသီမှာ အသင်းနဲ့အတူ ဆုဖလားများစွာလည်း ရယူသွားမှာပါ'ဟု ပြောသည်။

(အောက်ပုံ) (NGB)



## အာမက်ဒီရယ်လို ခြေကျင်းဝတ်ဒဏ်ရာကြောင့် ခြောက်ပတ်ခန့် အနားယူရမည်

**လန်ဒန် ဩဂုတ် ၂၅**

မန်ယူအသင်းတောင်ပံကစားသမား အာမက်ဒီရယ်လို ခြေကျင်းဝတ်ဒဏ်ရာကြောင့် ခြောက်ပတ်ခန့် အနားယူရမည်ဖြစ်သည်။

အဆိုပါ တောင်ပံကစားသမားသည် အသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ပါဝင်ကစားရင်း ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တောင်ပံကစားသမား အာမက်ဒီရယ်လို ဒဏ်ရာပြဿနာများနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် မန်ယူအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၄)နှစ်အရွယ်ရှိ တောင်ပံကစားသမား အာမက်ဒီရယ်လိုသည် မန်ယူအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၇ ပွဲ ကစားပြီး ၁၆ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

(ယာပုံ)
(NGB)



## စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁)ပွဲကျန်ဇယား

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၇-၈-၂၀၂၆<br>နံနက် ၀၁း၃၀ နာရီ | ရီးရဲလ်မက်ဒရစ် - ဆိုစီဒက် | ရီးရဲလ်မက်ဒရစ် ၄-၁ ဆိုစီဒက်<br>ဆိုစီဒက် ၁-၂ ရီးရဲလ်မက်ဒရစ် |

# တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တွေ့ဆုံပွဲ ကျင်းပ

**စဉ့်ကူး ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့တွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဆောင်းတင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တွေ့ဆုံပွဲကို ယမန်နေ့ နံနက် ၁၀နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားတွင် စဉ့်ကူးမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဆောင်းတင်က လွှတ်တော်တွင် မေးမြန်းခဲ့သည့် မေးခွန်းများနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းခဲ့ပြီး ဌာနဆိုင်ရာများအနေဖြင့် လိုအပ်ချက်များရှိပါက တင်ပြကြစေလိုကြောင်း၊ ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ လိုအပ်သည်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။



ထို့နောက် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ ဌာနအလိုက်ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ ကြုံတွေ့ရသည့်အခက်အခဲများနှင့် လိုအပ်ချက်များအား ရှင်းလင်းတင်ပြခဲ့ကြရာ လွှတ်တော်ကိုယ်စားလှယ်က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ စဉ့်ကူးမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဆောင်းတင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ရဲမှူး ထွန်းထွန်းနိုင်နှင့်အဖွဲ့ဝင်များ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲနိုင်ထွန်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဓါတ်ပုံ)**

**တင်စာလွင်(ပြန်/ဆက်)**

*–*–*–*

*–*–*–*–*–*

# မီးခိုးမြူငွေ့ညစ်ညမ်းမှုအကြောင်း သိကောင်းစရာ အသိပညာပေး (Talk Show) ကျင်းပ

**ကလေး ဩဂုတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ မီးခိုးမြူငွေ့ညစ်ညမ်းမှုအကြောင်းသိကောင်းစရာ အသိပညာပေး(Talk Show)ကို ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီက ကလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ (Talk Show) ဆွေးနွေးပွဲတွင် မီးခိုးမြူငွေ့အဓိပ္ပာယ်၊ မီးခိုးမြူငွေ့တွင် ပါဝင်သောလေထုညစ်ညမ်းမှုဖြစ်ပေါ်စေသည့်အကြောင်းအရင်းများ၊ မီးခိုးမြူငွေ့အမျိုးအစားများနှင့် ပတ်ဝန်းကျင်ပေါ်သက်ရောက်မှုများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုဖြစ်ပွားပါက လိုက်နာဆောင်ရွက်ရမည့်အကြောင်းအရာတို့ကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းမင်းအောင်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒေါ်ဝိုင်းအိင်္ဂြိမ်း(အငယ်တန်းစာရေး)တို့က ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မိုးသီး**

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများတွင် ဆုရရှိသော သင်တန်းသား၊ သင်တန်းသူများအား ဆုချီးမြှင့်

**မန္တလေး ဩဂုတ် ၂၅**

အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)မှ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများတွင် ဆုရရှိသော သင်တန်းသား၊ သင်တန်းသူများ၊ ရတနာပုံတက္ကသိုလ်ဘာသာရပ်ပေါင်းစုံဘတ်စကက်ဘောပြိုင်ပွဲတွင် ဆုရရှိခဲ့သူများနှင့် ကြံ့ခိုင်စွမ်းရည် ငါးမျိုးစစ်ဆေးခြင်းတွင် ဆုရရှိသော သင်တန်းသား၊ သင်တန်းသူများအား ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၄ ရက် မွန်းလွဲ ၁ နာရီက စားရိပ်သာခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ဦးမြင့်နိုင်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းမှူး၊ ဒုတိယသင်တန်းမှူး၊ B.Sc(Sports) တာဝန်ခံများအား ဆုချီးမြှင့်ခြင်း၊ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများတွင် ဆုရရှိသော သင်တန်းသား၊ သင်တန်းသူများ၊ ရတနာပုံတက္ကသိုလ်ဘာသာရပ်ပေါင်းစုံဘတ်စကက်ဘောပြိုင်ပွဲတွင် ဆုရရှိသော B.Sc (Sports) ကျောင်းသူများနှင့် ကြံ့ခိုင်စွမ်းရည်စစ်ဆေးခြင်းတွင် ဆုရရှိသော သင်တန်းသား၊ သင်တန်းသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့သည်။




ဆက်လက်၍ MFF Royal-D U-15 Youth Leage 2026 ပြိုင်ပွဲတွင် ဝင်ရောက်အရွေးချယ်ခံမည့် သင်တန်းသားများအား ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**(ဓါတ်ပုံ)(၀၄၅)**



# နှစ်(၁၃၀)ပြည့်ဆွမ်းဆန်တော်လှူ၊ ဘွဲ့ထူးဂုဏ်ထူးရဆရာတော်၊ သံဃာတော်၊ သီလရှင်ဆရာကြီးများအား နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်း

**မန္တလေး ဩဂုတ် ၂၅**

မန္တလေး၊ မလွန်ဈေးဆန်လှူအသင်းကြီးမှ နှစ်(၁၃၀)ပြည့်ဆွမ်းဆန်တော်လှူဒါန်းခြင်းနှင့် ဘွဲ့ထူးဂုဏ်ထူးရ ဆရာတော်၊ သံဃာတော်၊ သီလရှင်ဆရာကြီးများအား နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခြင်းကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကျော်အောင်စံထားကျောင်းတိုက်၌ ကျင်းပခဲ့သည်။

လှူဒါန်းမှုတွင် အမရပူရမြို့နယ်အတွင်းရှိ ရဟန်း၊ သာမဏေ သီလရှင် စုစုပေါင်း ၂၃၇၉ ပါးအတွက် ရှစ်ပြည်ဝင်ဆွမ်းဆန်ခွဲအိတ် ၁၈၁၆ အိတ် ၁ စိတ်နှင့် ဘွဲ့ထူးဂုဏ်ထူးရ ဆရာတော်၊ သံဃာတော်သီလရှင်ဆရာကြီးများအား ဘွဲ့တစ်ဘွဲ့လျှင် ငွေကျပ် ၂၅၀၀၀ စီဖြင့် စုစုပေါင်းဘွဲ့ ၁၉၂ ဘွဲ့အတွက် အလှူတော်ငွေကျပ် ၄၈သိန်း၊ သက်တော်ရှည်ဆရာတော်ကြီး ခြောက်ပါးအတွက် အလှူတော်ငွေကျပ် ကိုးသိန်းတို့အား အနယ်နယ်အရပ်ရပ်ရှိ သင်းထောက်အဖွဲ့ဝင်များ၊ အလှူရှင်များကိုယ်စားအသင်းကြီးဥက္ကဋ္ဌ ဦးစိန်ဝင်း၊ အတွင်းရေးမှူး ဦးကြည်ဝင်းနှင့် အမှုဆောင်အဖွဲ့ဝင်များက ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)(၀၇၀)**

# မိုးရာသီ(အမျိုးသား) အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မိုင်းဖြတ် ဩဂုတ် ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် (AG 18 Sport Design) တို့ပူးပေါင်းကျင်းပသည့် မိုးရာသီအလွတ်တန်းကလပ် ဖိတ်ခေါ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ ညနေပိုင်းက မြို့မအားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ နန့်ဖောင်းအသင်းနှင့် (RK)အသင်းတို့က ဗိုလ်လုပွဲကိုယှဉ်ပြိုင်ကစားရာ နန့်ဖောင်းအသင်းက (RK) အသင်းကို ငါးဂိုး လေးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမျိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းရွှေတို့က ပထမဆု နန့်ဖောင်းအသင်း၊ ဒုတိယ(RK)အသင်း၊ တတိယ(MPK)အသင်းနှင့် ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးအားကစားသမားများကို ဆုဖလားနှင့် ဂုဏ်ပြုငွေများ၊ ဆုတံဆိပ်များ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**(အောက်ပုံ)**

အဆိုပါ ဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁၀ ရက်မှ ၂၃ ရက်အထိ ပြိုင်ပွဲဝင် အသင်း ရှစ်သင်းတို့က ယှဉ်ပြိုင်ကစားခဲ့ပြီး ဩဂုတ် ၂၄ ရက်တွင် ဗိုလ်လုပွဲနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကျန်းမာရေးထောက်ပံ့ငွေပေးအပ်

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ မန္တလေးတက္ကသိုလ် ကန်တော့ခံဆရာ၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့် ကိစ္စများ ထောက်ပံ့လျက်ရှိသည်။ ဩဂုတ် ၂၄ ရက် က ကုံးကော်ဆေးရုံတွင် သွေးချို၊ ဆီးချိုရောဂါကြောင့် တက်ရောက်၍ ဆေးကုသမှုခံယူနေသော ဆရာမကြီးဒေါ်လှလှ(ရူပဗေဒ)အား ကျန်းမာရေးစောင့်ရှောက်မှုထောက်ပံ့ငွေကျပ်ငါးသိန်းကို ကျန်းမာရေးစောင့်ရှောက်မှုကော်မတီနာယက ဦးတင်မောင်၊ ဒုတိယ ဥက္ကဋ္ဌ ဦးပိုမြင့်နှင့် တာဝန်ရှိသူများက သွားရောက်ပေးအပ်၍ ကျန်းမာရေးမေးမြန်းအားပေးစကားများ ပြောကြားခဲ့သည်။

အလားတူ ရူပဗေဒမိသားစုကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့မှလည်း ကျန်းမာရေးအတွက် ဂါရဝပြုငွေကျပ်သုံးသိန်း ပေးအပ်ခဲ့သည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီတည်ထောင်သည့်ရက်မှ ဩဂုတ် ၂၄ ရက်အထိ ကျန်းမာရေးမကောင်းသော ဆရာ၊ ဆရာမကြီး ၄၁၂ ဦးအား ငွေကျပ် ၉၃၅ သိန်း ထောက်ပံ့နိုင်ခဲ့ကြောင်း သိရသည်။

**(၀၄၅)**

# စာဖတ်ဝိုင်းသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တက်ရောက်ချီးမြှင့် အားပေး




**လားရှိုး ဩဂုတ် ၂၅**

စာအုပ်၊ စာပေဝါသနာပါသူများစုစည်း၍ နဝရတ်ကိုးသွယ် အောင်မြင်မယ် ဆောင်းပါးဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၂၃ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုး ခရိုင်လူထုအခြေပြုဗဟိုဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်အောင်ဆွေ တက်ရောက်ချီးမြှင့်အားပေးခဲ့သည်။

ရှေးဦးစွာပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွဲဖက်ပြည်နယ်ရုံး(လားရှိုး)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဌေးအောင်နှင့် လားရှိုးခရိုင်ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းနေလှိုင်တို့က စာဖတ်ဝိုင်းကျင်းပခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)၏ နဝရတ်ကိုးသွယ် အောင်မြင်မယ်ဆောင်းပါးဖြင့် စာဖတ်ဝိုင်းအားကျင်းပခဲ့ရာ မြန်မာနိုင်ငံစာရေးဆရာအသင်း (လားရှိုး)ဥက္ကဋ္ဌ ဦးသောင်းလွင်က ဆောင်းပါးပါအကြောင်းအရာများအား ဦးဆောင်ဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် Book Club အဖွဲ့၊ Woman Club အဖွဲ့ နှင့် Youth Club အဖွဲ့ဝင်များက မိမိတို့ဖတ်ရှုလေ့လာသိရှိသည့် အကြောင်းအရာများဖြင့် အသီးသီးဆွေးနွေးခဲ့ရာ မြန်မာနိုင်ငံစာရေးဆရာအသင်း(လားရှိုး) ဥက္ကဋ္ဌက ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့ပြီးနောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က စာဖတ်ဝိုင်းများ ကျင်းပနိုင်ရေးအတွက် ချီးမြှင့်ငွေများအား ပေးအပ်ခဲ့ရာ လက်ထောက်ညွှန်ကြားရေးမှူးက လက်ခံရယူခဲ့သည်။

ယခုလို စာဖတ်ဝိုင်းဆွေးနွေးပွဲများကို စာအုပ်၊ စာပေဝါသနာပါသူအဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ကျင်းပလျက်ရှိကြောင်း ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သိရသည်။

**(အပေါ်ဝဲပုံ)**

**လှမော်(ပြန်/ဆက်)**

* - * - * - * - * - *

# လူထုအခြေပြုဗဟိုဌာနတွင် စာစီစာကုံးရေးသားနည်း သင်တန်း(အခမဲ့)ဖွင့်လှစ်

**ကျောက်ဆည် ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် လူထုအခြေပြုဗဟိုဌာနတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ အရေးစွမ်းရည်မြင့်မားပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် စာစီစာကုံးရေးသားနည်း သင်တန်းကို ဩဂုတ် ၂၄ ရက် နံနက် ၁၀ နာရီက အခမဲ့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက ကျောင်းသား၊ ကျောင်းသူများ တွေးခေါ်မှုစွမ်းရည်မြင့်မားရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး၊ အားလပ်ချိန်များတွင် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် ရေးသားမှုစွမ်းရည်မြင့်မားရေးကောင်းမွန်ပြည့်စုံသည့် စာစီစာကုံးတစ်ပုဒ်ရရှိရန် စာများများဖတ်ပြီး လေ့ကျင့်မှုများပြုလုပ်ထားရန်လိုကြောင်း၊ နိဒါန်း၊ စာကိုယ်၊ နိဂုံးစသည့် စာစီစာကုံး အင်္ဂါရပ်များနှင့်အညီ အချက်အလက်ရေးသားတင်ပြ ပုံကောင်းမွန်ရန်လိုကြောင်း၊ နိဂုံးသည် ခေါင်းစဉ်နှင့် လျော်ညီသည့် နိဂုံးဖြစ်ရန်လိုကြောင်းနှင့် မြို့နယ်စာရေးဆရာအသင်းအဖွဲ့ဝင် ဦးမန်းခင်ကျောက်ဆည်က စာစီစာကုံးရေးသားရာတွင် သရုပ်ဖော်ရေးသားခြင်း၊ အကြောင်းအကျိုးဖော်ပြရေးသားခြင်း၊ အတွေးအခေါ်ဖြင့် ရေးသားဖော်ပြခြင်းစသည့် စာစီစာကုံးရေးသားနည်းများ သင်ကြားပေးခဲ့သည်။

စာစီစာကုံးရေးသားနည်းသင်တန်းသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၂၃ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဩဂုတ် ၂၄ ရက်မှ ၂၅ရက်အထိ နှစ်ရက်ကြာ စာတွေ့၊ လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်းနှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် အခြေခံစာစီစာကုံးရေးသားနည်းများအပြင် စာဖတ်ဝိုင်းများ၊ ပုံပြင်ပြောပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**စုစုအေး(ကျောက်ဆည်)**



# လူထုအခြေပြုဗဟိုဌာန၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ

**စဉ့်ကိုင် ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ ကဗျာရေးပြိုင်ပွဲနှင့် စာအုပ်ပြပွဲများကို ဩဂုတ် ၂၄ ရက် နံနက် ၉နာရီခွဲက မြို့နယ်လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတော်အတွက် အကျိုးပြုမည့် အနာဂတ်သားကောင်းရတနာ၊ သမီးကောင်းရတနာများ ပေါ်ထွန်းလာစေရန်၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ နှုတ်မှုစွမ်းရည်များတိုးတက်လာစေရန်၊ လူအများအလယ်တွင် ရဲဝံ့စွာပြောဆိုတတ်စေရန်၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာပြီး စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်လာစေရန် စသည်တို့ကိုရည်ရွယ်၍ ယခုလို ဟောပြောပွဲများ၊ ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်စန်းက ကလေးအလုပ်သမား၏အဓိပ္ပာယ်၊အသက်အရွယ်အပိုင်းအခြားများ၊ ပြစ်မှု၊ ပြစ်ဒဏ်များနှင့် ဆက်သွယ်တိုင်ကြားနိုင်မည့် နည်းလမ်းများ စသည့်အကြောင်းအရာများကို အသိပညာပေး ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် ကဗျာရေးပြိုင်ပွဲကိုကျင်းပခဲ့ရာ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများက အသီးသီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့နောက် ဆုရရှိသောပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများအား ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ကျောင်းသုံးဗလာစာအုပ်၊ ခဲတံဘူး၊ ရောင်စုံခဲတံနှင့် ဆေးရောင်ခြယ်စာအုပ်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ခန်းမအတွင်း ပြသထားသော အသိပညာဗဟုသုတစုံလင်သည့် သုတ၊ ရသ စာအုပ် စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(ဝဲပုံ)**

**ကျော်စွာ(စဉ့်ကိုင်)**

* - * - * - *

* - * - * - * - * - *

# ပုပ္ပားတောင်မကြီးတွင် ရာသီစာမှိုပေါ်ချိန် ရှာဖွေရောင်းချခြင်းဖြင့် ပတ်ဝန်းကျင်ကျေးရွာများ တစ်နိုင်တစ်ပိုင်အပိုငွေရရှိ



**ညောင်ဦး ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၏ အရှေ့မြောက်ဘက် ၁၁ မိုင်ခန့်အကွာတွင် တည်ရှိသည့် ပုပ္ပားတောင်မကြီးမှ ထွက်ရှိသည့် ရာသီပေါ်မှိုများ ရှာဖွေရောင်းချခြင်းဖြင့် ပုပ္ပားတောင်ပတ်ဝန်းကျင်ကျေးရွာများ မိသားစုအပိုဝင်ငွေ ရရှိသည်။

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၏ အရှေ့မြောက်ဘက် (၁၁)မိုင်ခန့် အကွာတွင်ရှိသည့် ပုပ္ပားတောင်မကြီးသည် ရာသီပေါ်မှိုအမျိုးမျိုး ထွက်ရှိသည့်တောင်ဖြစ်ရာ ပုပ္ပားတောင်ပတ်ဝန်းကျင်ကျေးရွာများ ရာသီစာမှိုအမျိုးမျိုး ရှာဖွေရောင်းချခြင်းဖြင့် မိသားစုဝင်ငွေကောင်းလျက်ရှိသည်။ ပုပ္ပားတောင်မကြီးတွင် အင်မှို၊ ထိတိုင်းနက်မှို၊ မှိုဘီးကျဲ၊ မှိုဘီးစိပ်ငှက်စွတ်မှို၊ ဖက်စွတ်မှို၊ မှိုနီစပ်၊ ဝါးရင်းမှို၊ ဖိုးသူတော်မှို၊ ကိုရင်မှို၊ ကြက်တောင်မှို၊ ကျင်းမှို၊ ဝါဆိုတောင်ဘို့မှုနှင့် ဆီးဖြူမှိုများထွက်ရှိကြောင်း လက်ပံအိုင့်ကျေးရွာ ဦးမြင့်သိန်းလှိုင်က ပြောသည်။ ပုပ္ပားတောင်မကြီးပေါ်တွင် မိုးရွာသွန်းမှုများခြင်းက မှိုပေါက်နှုန်းကောင်းမွန်စေပြီး ထွက်ရှိသည့်မှိုများသည်လည်း အဆိပ်အတောက်ရှိသည့်မှိုများမှာ အလွန်နည်းပါးပြီး မှိုတွင်အဆိပ်ရှိ၊ မရှိ မှိုအားဖွဲ့ချိုးလိုက်ရာမှ အစေးထွက်၊ မထွက်ပေါ်မူတည်၍ သိနိုင်ကြောင်း မှိုကောက်သူများက ပြောသည်။ ပုပ္ပားတောင်မှ ထွက်ရှိသည့်မှိုများအနက် ကျင်းမှို၊ ဝါဆိုတောင်ပို့မှိုနှင့် ဝါးမှိုများသည် ဈေးနှုန်းအထူးကောင်းမွန်ကြပြီး ကျင်းမှိုနှင့် ဝါဆိုတောင်ပို့မှိုသည် တစ်ပိသာငွေကျပ် ၄၀၀၀၀ မှ ၇၀၀၀၀ အထိ ရောင်းချရကြောင်း၊ အဆိုပါမှိုများသည် ပေါက်လေ့ရှိသည့် မှိုကျင်းတွင် နှစ်စဉ်ပေါက်လေ့ရှိပြီး မှိုရှာဖွေရောင်းချသူများက မှိုကျင်းကို မှတ်သားထားလေ့ရှိကာ မြန်မာလဝါကြီးထပ်သည့် နှစ်၊ မထပ်သည့်နှစ်ဟူ၍ မှတ်သားကာရှာဖွေလေ့ရှိကြောင်း၊ ထို့အပြင် ပိုင်ရှင်ရှိသည့် ယာတောထဲ မှိုပေါက်လျှင် မှိုတွေ့သူကသာ ဦးစွာအမှတ်အသားပြုလုပ်နုတ်ယူနိုင်ကြောင်း သိရသည်။

ဝါးမှိုသည် ခြောက်သွေ့ကာသေပြီးသား ဝါးရုံခြောက်များတွင် ပေါက်လေ့ရှိပြီး ဟင်းရည်သောက်ချက်စားရာတွင် အထူးကောင်းမွန်သည့် မှိုအမျိုးအစားဖြစ်ကာ တွေ့ရှိမှုလည်း အင်မတန်နည်းသည်။ကျောက်ပန်းတောင်းမြို့ဈေးကွက်သို့ ပုပ္ပားတောင်မကြီးထွက် ရာသီစာမှိုများ ဝင်ရောက်လာရာ ပေါ်ဦးပေါ်ဖျားမှိုများ(ကျင်းမှို၊ ဝါဆိုတောင်ပို့မှို)မှလွဲ၍ တစ်ပိသာငွေကျပ် ၁၀၀၀၀ ရောင်းချရပြီး မှိုရှာဖွေရောင်းချသူများ မိသားစုစားဝတ်နေရေး တစ်ဖက်တလမ်းမှ အပိုဝင်ငွေရရှိနေကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၈၁)**

* - * - * - * - * - *



# ဝါကြီးထပ် နှစ်မြတ်မင်္ဂလာ

မြန်မာပြက္ခဒိန်စနစ်အရ ‘လ’ကို အခြေခံသော စန္ဒရမာသနှစ်က ‘နေ’ကို အခြေခံ၍ တွက်သော သူရိယမာသနှစ်ကို မမီဘဲ လျော့ကျန်သော ရက်ပေါင်းတစ်လစာ (၃၀)အတွက် နှစ်ချင်းရက်ညီစေရန် ရောက်ဆဲနှစ်တွင် တစ်လထပ်တိုး၍ ဖြည့်ပေးခြင်းကြောင့် ဝါဆိုလသည် ပြက္ခဒိန်နှစ်မှာ နှစ်လ(၂လ)ပါရှိသည်ကို ဝါထပ်သည်ဟု ခေါ်ဆိုပါသည်။ ထိုဝါဆို နှစ်လ(၂လ) ပါဝင်ခြင်းအပြင် အပိုတစ်ရက် (၁ရက်) နယုန်လတွင် ဖြည့်စွက်သောကြောင့် ပုံမှန် ၂၉ရက်မှ တစ်ရက် ဖြည့်စွက်သောကြောင့် ရက်ပေါင်း (၃၈၅)ရက်ရှိသော ကာလကို ‘ဝါကြီးထပ်ခြင်း’ဟု ဆိုပါသည်။ ဝါဆိုနှစ်လပါဝင်သော်လည်း ရက်ပေါင်း(၃၈၄)ရက် ပါဝင်သောကာလကို ‘ဝါငယ်ထပ်ခြင်း’ ဟု ဆိုပါသည်။

ဝါထပ်ခြင်းအကြောင်းအရင်းကို သိရှိနိုင်ကြပါရန် အောက်ပါအတိုင်းတင်ပြအပ်ပါသည်။

ကမ္ဘာက နေကို လှည့်ပတ်ရာ၌ ၃၆၅ရက် ၆နာရီ ၁၂မိနစ် ၃၇စက္ကန့်ကြာ၏။ ထို့ကြောင့် အင်္ဂလိပ်သက္ကရာဇ်နှစ် တစ်နှစ်တွင် ၃၆၅ရက်ထား၏။

၆ နာရီအစွန်းအတွက် လေးနှစ်တစ်ကြိမ် တစ်ရက်တိုးသည် (ဖေဖော်ဝါရီ မြန်မာနှစ်က ၂၉ရက်ကို ခြောက်လ၊ ရက်၃၀ကို ခြောက်လပေါင်း ၁၂လ ထားသဖြင့် မြန်မာနှစ် တစ်နှစ်မှာ ၃၅၄ရက်သာ ရှိသည်။

ထို့ကြောင့် အင်္ဂလိပ်တစ်နှစ်ပြည့်ရန်(သို့မဟုတ်)ကမ္ဘာတစ်ပတ် ပြည့်ရန် မြန်မာနှစ်တစ်နှစ်မှာ ၁၁ရက်လို၏။

အင်္ဂလိပ်နှစ်က လေးနှစ်မှာ တစ်ရက်တိုး၍ ရှစ်နှစ်နေလျှင် နှစ်ရက်တိုးသည်။ မြန်မာနှစ်က အင်္ဂလိပ်တစ်နှစ်ပြည့်ရန်(သို့မဟုတ်) ကမ္ဘာတစ်ပတ်ပြည့်ရန် တစ်နှစ်လျှင် ၁၁ရက်လိုသဖြင့် ရှစ်နှစ်ဆိုလျှင် ၈၈ရက်လို၏။

အင်္ဂလိပ် ရက်ထပ်နှစ်ရက်ဖြင့် ပေါင်းသော် ရက်ပေါင်း ၉၀လို၏။ ယင်းလိုသော ရက်၉၀ကို ပြည့်မီအောင် ရှစ်နှစ်လျှင် ဝါသုံးကြိမ် ထပ်ပေးရန် လိုအပ်နေပေသည်။ ထို့ကြောင့် သုံးနှစ် တစ်ကြိမ် ဝါနှစ်ခါထပ်ပြီး နှစ်နှစ် တစ်ကြိမ် ဝါတစ်ခါထပ်ပေးရသည်။

များသောအားဖြင့် ဧပြီလ ၁၄ရက် သင်္ကြန်ကျ၍ ဧပြီလ ၁၇ရက်သည် မြန်မာနှစ်ဆန်းတစ်ရက်နေ့ဖြစ်သည်။ ခြွင်းချက်အနေဖြင့် ဧပြီလ ၁၆ရက်မှာ နှစ်တစ်ရာပြက္ခဒိန်တွင် မြန်မာနှစ်ဆန်းတစ်ရက် ရှိခဲ့ဖူးသည်ဟု ဆိုပါသည်။

မြန်မာတို့၏ နှစ်ကူးသင်္ကြန်ရက်သည် တန်ခူးလမှာသာ ထားရသည်။ ကဆုန်လဆန်းထဲမှ တစ်ရက်၊ နှစ်ရက်ပါကောင်းပါလိုရ၏။ သို့သော် တပေါင်းလမှာကား လုံးဝမထားရှိခဲ့ချေ။

အကယ်၍ ယခုနှစ် ၁၃၈၈ ခုနှစ်မှာ ဝါမထပ်ခဲ့လျှင် ၁၃၈၉ ခုနှစ် သင်္ကြန်ရက်သည် တပေါင်းလထဲသို့ ကျရောက်သွားတော့မည်ဖြစ်၍ ၁၃၈၈ ခုနှစ်သည် မဖြစ်မနေ ဝါထပ်နှစ်ဖြစ်ရလေ၏။

မြန်မာသက္ကရာဇ် ရက်လနှစ် သတ်မှတ်ရာ၌ လကို အခြေခံသတ်မှတ်၏။ အင်္ဂလိပ်သက္ကရာဇ်လို နေကိုအခြေခံ၍ မသတ်မှတ်ပါ။ မြန်မာလ၏ လပြည့်နေ့ဝန်းကျင်၌ လသည်ပြည့်ပြည့်ဝဝ ရွှန်းရွှန်းမြမြ ဝင်းဝင်းဝါဝါ ထိန်ထိန်သာသော်လည်း လကွယ်နေ့ဝန်းကျင်ဆိုပါလျှင် ပိန်းပိတ်အောင်မှောင်နေသည်။

လက ကမ္ဘာကိုလှည့်ပတ်ရာ၌ တစ်ပတ်ပြည့်ရန် ၂၉ ရက် ၁၂ နာရီ ၄၇ မိနစ် ၃ စက္ကန့်ကြာ၏။

အလွယ်တင်ပြရပါလျှင် ၂၉ရက်ခွဲကြာ၏။ ထို့ကြောင့် တစ်လကို ၂၉ရက်တစ်ခါ၊ ရက်၃၀တစ်ခါ ထားသည်။ နယုန်လမှာ ရက်၃၀ထားလျှင် ‘ဝါကြီးထပ်’ခေါ်၍ ၂၉ရက်ထားလျှင် ရိုးရိုးဝါထပ် (သို့မဟုတ်) ‘ဝါလေးထပ်’ဟု ခေါ်ဆိုပါသည်။

အဘယ်ကြောင့် နယုန်လမှာ ရက် ၃၀ ထား၍ ‘ဝါကြီးထပ်’ရပါသနည်းဆိုသော် လက ကမ္ဘာကိုလှည့်ပတ်ရာ၌ တစ်ပတ်ပြည့်ရန် ၂၉ရက် ၁၂နာရီ ၄၇မိနစ် ၃စက္ကန့်ကြာသောကြောင့် အစွန်းထွက်မိနစ်များသည် လချီနှစ်ချီကြာသောကြောင့် အစွန်းမိနစ်များသည် တစ်ရက်တိုးသွား၏။ ထိုတိုးသွားသည့်ရက်ကို အစားဖြည့်ရန် နယုန်လတွင် ၃၀ ရက် အပြည့်ထား၍ ‘ဝါကြီးထပ်’ပေးရခြင်း ဖြစ်သည်။

အကယ်၍ နယုန်လမှာ တစ်ရက်တိုး၍ ‘ဝါကြီးထပ်’ မရှိခဲ့ပါလျှင် နှစ်များစွာ ကြာလသောအခါ လပြည့်၊ လကွယ်များ မှားသွားနိုင်သည်ဟု ဆိုပါသည်။ ထို့ကြောင့် မဖြစ်မနေ ‘ဝါကြီးထပ်’ ရချေတော့သည်။

ဥပမာအနေဖြင့် ၁၁၅ နှစ်ကို ၁၂ မိနစ် အစွန်းဖြင့် တွက်ချက်ထားသည်ကို ဖော်ပြအပ်ပါသည်။

၁၁၅×၁၂= ၁၃၈၀ မိနစ်

၁၃၈၀ ÷ ၆၀= ၂၃ နာရီ။

၁၁၅ နှစ်ကို ၃၇ စက္ကန့်အစွန်းဖြင့် တွက်ချက်ပါလျှင်

၁၁၅×၃၇= ၄၂၅၅ စက္ကန့်

၄၂၅၅×၆၀= ၇၀၉ မိနစ်၊ ၇၁ မိနစ် တစ်နည်းအားဖြင့် တစ်နာရီ ၁၁ မိနစ် နီးပါးရှိသည်။

၁၂ မိနစ် ၃၇ စက္ကန့်အစွန်းသည် ၁၁၅ နှစ်ကြာလျှင် ၂၄ နာရီ ၁၀ မိနစ်ကျော်တိုးသွားသည်။ ထို့ကြောင့် ၁၁၅ နှစ်(သို့မဟုတ်) ၁၁၄ နှစ်ကြာသော် အင်္ဂလိပ်သက္ကရာဇ်မှာလည်း တစ်ရက်ထပ်တိုးရန် လိုအပ်ပေလိမ့်မည်။

၁၃၈၈ ခုနှစ်မှာ ‘ဝါကြီးထပ်’မြတ်သောနှစ် ဖြစ်ပါသည်။ ၁၅-၄-၂၆ ရက်သည် နှောင်းတန်ခူးလကွယ်နေ့ ဖြစ်သည်။ ၁၆-၄-၂၆ရက်သည် မဟာသင်္ကြန်အတက်နေ့ ကဆုန်လဆန်း ၁ ရက်ဖြစ်သည်။ ထို့ကြောင့် ကဆုန်လဆန်း ၂ ရက်သည် ၁၃၈၈ ခုနှစ် နှစ်ဆန်း ၁ ရက် ဖြစ်သည်။ နယုန်လသည် ၁၆-၅-၂၆ ရက်မှာ လဆန်း ၁ ရက်ဖြစ်ပြီး ၁၄-၆-၂၆ ရက်သည် လကွယ်နေ့ဖြစ်သဖြင့် ရက်ပေါင်း ၃၀ ရှိသဖြင့် ‘ဝါကြီးထပ်’နှစ် ၁၃၈၈ ဖြစ်သည်။

မြန်မာတို့၏ ဝါထပ်သော ဝါဆိုလတွင် မဟာသက္ကရာဇ် ၆၇ ခုနှစ် ဝါဆိုလပြည့် ကြာသပတေးနေ့တွင် ဂေါတမဗုဒ္ဓသည် မိခင်မယ်တော်၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေခိုမှီးခဲ့သည်။

မဟာသက္ကရာဇ် ၉၇ ခုနှစ် ဝါဆိုလပြည့် တနင်္လာနေ့တွင် ဘုရားလောင်း‘သိဒ္ဓတ္ထ’မင်းသားသည် နိမိတ်ကြီးလေးပါးကို သိမြင်၍ မင်းဘုရင်အဖြစ်ကို စွန့်လွှတ်ပြီး တောထွက်တော်မူခဲ့သည်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့် စနေနေ့တွင် သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် ပဉ္စဝဂ္ဂီ ငါးဦးတို့အား တရားဦး ‘ဓမ္မစကြာ’ကို ဟောမြွက်တော်မူသည်။ ‘ထပ်’ဆိုသည်မှာ မြတ်သော သဘော၊ မြင့်မားခြင်း၊ တိုးပွားခြင်း၊ ကြီးမားဖွံ့ဖြိုးစေမှုကို ဖော်ပြသည်။ ၁-ထပ်၊ ၂ထပ်၊ ၃ထပ် စသည်ဖြင့် ဆိုကြ၊ ပြောကြပါသည်။ စိန်၊ ကြောင်၊ နီလာ၊ ပတ္တမြားရတနာများကို ရွှေနှင့်ထပ်၍ မြတ်နိုးစွာ လက်ဝတ်ရတနာစသည့် အဆင်တန်ဆာများ ဆင်မြန်းဝတ်ဆင်ကြပါသည်။ မင်္ဂလာကျက်သရေထုံမွှမ်းသည်။

ထို့ကြောင့် အောင်အတိတ်နှင့် အောင်နိမိတ်ယူကာ ‘ဝါကြီးထပ် မြတ်သောနှစ်’ ဝါကြီးထပ်နှစ်မြတ် မင်္ဂလာ ၁၃၈၈ ခုနှစ်ဖြစ်သည်ဟု ဆိုပါသည်။ နှစ်ဆန်းသည့် ကဆုန်လမှစ၍ မန္တလေးမှာ ယနေ့ကာလအထိ ရွှေမိုး၊ ငွေမိုးများ စဉ်ဆက်မပြတ် ရွာသွန်းဖြိုးလျက်ရှိပါသည်။ အပူကို လွန်ကဲစွာ မခံစားရပါ။ ‘မိုးရွာတော့ ပျိုးသာသည်’ဟု ဆိုသဖြင့် စပါးကောက်ပဲသီးနှံဖြစ်ထွန်းကာ စားစရာဆန်၊ ဆီ၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါများ ဖြစ်ထွန်းကြပေမည်။ မိုး၊ ဆောင်း၊ နွေရာသီနှင့် လိုက်လျောညီထွေသော စားဝတ်နေရေးများ သတ္တဝါအပေါင်းပြေလည်ကြပါစေကြောင်း နှစ်မြတ်မင်္ဂလာကို ဂုဏ်ပြု၍ ဆုတောင်းမေတ္တာပို့သအပ်ပါသတည်း။

**စာကိုး–ဆရာစံစာဏီဘို ၂၀၂၆ ပြက္ခဒိန်၊ အင်တာနက်**

**နွေးထွေး(ပုသိမ်ကြီး)**

မြန်မာပြက္ခဒိန်စနစ်အရ “လ”ကို အခြေခံသော စန္ဒရမာသနှစ်က “နေ”ကို အခြေခံ၍ တွက်သော သူရိယမာသနှစ်ကို မမီဘဲ လျော့ကျန်သော ရက်ပေါင်းတစ်လစာ (၃၀)အတွက် နှစ်ချင်းရက်ညီစေရန် ရောက်ဆဲနှစ်တွင် တစ်လထပ်တိုး၍ ဖြည့်ပေးခြင်းကြောင့် ဝါဆိုလသည် ပြက္ခဒိန်နှစ်မှာ နှစ်လ(၂လ)ပါရှိသည်ကို ဝါထပ်သည်ဟု ခေါ်ဆိုပါသည်။

## မိုဘိုင်းရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းဆောင်ရွက်ပေး

**မန္တလေး ဩဂုတ် ၂၅**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၂၅)အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအား အသိပညာ ဗဟုသုတများ တိုးပွားလာစေရန်၊ စာပေဖတ်ရှုခြင်းဖြင့် စာပေ၏ အကျိုးကျေးဇူးများရရှိစေရန်၊ ဗလငါးတန်နှင့် ပြည့်စုံသည့် ကျောင်းသား၊ ကျောင်းသူများ ဖြစ်လာစေရန် ရည်ရွယ်၍ ယမန်နေ့ နံနက် ၁၀ နာရီက မိုဘိုင်းရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များကို အခမဲ့ ငှားရမ်းဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ စာအုပ်၊စာစောင်များ ငှားရမ်းဆောင်ရွက်ပေးရာတွင် ယင်းရွှေ့လျားစာကြည့်တိုက်ယာဉ်ရှိ သုတ၊ ရသ စာအုပ်ပေါင်း နှစ်ထောင်ကျော်ရှိပြီး နှစ်ပတ်လျှင် တစ်ကြိမ် အခမဲ့လှယ်လဲပေးသွားမည်ဖြစ်ပြီး မန္တလေးခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား လေ့လာဖတ်ရှုစေခဲ့ပြီး အခမဲ့ငှားရမ်းဆောင်ရွက်ပေးခဲ့သည်။

ထိုစာအုပ်၊ စာစောင်များကို ငှားရမ်းဖတ်ရှုလိုပါက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် အခမဲ့ လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

(ဝဲပုံ)

**စင်မင်းမောင်(ခရိုင်၊ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀

## မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေး ကျင်းပမည်

**မန္တလေး ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ ၂၀၂၅-၂၀၂၆ ခုနှစ် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ဩဂုတ် ၃၀ရက် နံနက် ၉ နာရီ မှ ၁၂ နာရီအထိ ချမ်းအေးသာစံမြို့နယ်၊ ၇၈ လမ်းနှင့် ၃၄လမ်းထောင့်၊ ရတနာပုံ စူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမတွင် ကျင်းပမည်။

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေးတွင် အသင်းသားများအားလုံး စုံစုံလင်လင် တွေ့ဆုံပြီး အသင်း၏ ရှေ့ဆက်လုပ်ဆောင်မည့်လုပ်ငန်းစဉ်များ၊ တိုးတက်မှုများအား ဆွေးနွေးသွားမည်ဖြစ်၍ အသင်းသား၊ အသင်းသူများ၊ ညီနောင်အသင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ (၀၄၅)

## ညောင်ဦးမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် (Public Talk) ပြည်သူ့စကားဝိုင်း ကျင်းပ

**ညောင်ဦး ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဒီမိုကရေစီ အင်္ဂါရပ်များနှင့်အညီ အများပြည်သူနှင့် အစိုးရတာဝန်ရှိသူများအကြား ဆွေးနွေးပြောကြားနိုင်သည့် အခွင့်အလမ်းများ ရရှိစေရန်၊ မိမိတို့ဒေသတွင် ဖြစ်ပေါ်နေသည့် အကြောင်းအရာများကို ပြည်သူကြားတွင် ဆွေးနွေးမှုများရှိလာစေရန်၊ ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်၍ ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ညောင်ဦးမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနော်ရထာခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မင်းညိုက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာချိုက ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းပို၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ မိတ်ဆက်စကားပြောကြားသည်။

ထို့နောက် ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် (Public Talk) ပြည်သူ့စကားဝိုင်းအား ဆက်လက်ကျင်းပခဲ့ရာ တက်ရောက်လာကြသည့် အနောက်ပုလင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးချစ်ဆွေက အနောက်ပုလင်းအခြေခံပညာမူလတန်းလွန်ကျောင်းရှိ ဆရာ၊ ဆရာမများအတွက် နှစ်ခန်းတွဲသန့်စင်ခန်းနှင့် ရေချိုးခန်းဆောက်လုပ်ပေးစေလိုကြောင်းနှင့် ကျေးရွာအဝင်လမ်း၊ ကွန်ကရစ်လမ်းခင်းပေးနိုင်ခြင်း ရှိမရှိ မေးမြန်းခြင်းနှင့် အမှတ်(၁)၊ သာယာဝတီရပ်ကွက်အုပ်ချုပ်ရေးမှူးက စည်ပင်သာယာရေးအမှိုက်ပုံကြောင့် ရပ်ကွက်အတွင်း အနံ့အသက်များ ရှူရှိုက်နေရခြင်းကြောင့် စည်ပင်သာယာရေးအမှိုက်ကျင်း ရွှေ့ပြောင်းပေးနိုင်ရေး၊ တက်ရောက်လာသည့် ရပ်ကွက်၊ကျေးရွာပြည်သူများက ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေး၊ လမ်းများကောင်းမွန်ရေးတို့အား အသီးသီး မေးမြန်းရာ သက်ဆိုင်ရာ မြို့နယ်အဆင့် ဌာနဆိုင်ရာများက မေးမြန်းဆွေးနွေးမှုများအပေါ် ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၈၁)**

*- *- *- *- *- *- *



## ကန့်ဘလူမြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**ကန့်ဘလူ ဩဂုတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ် ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနှင့် ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံတို့ ပူးပေါင်း၍ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဩဂုတ် ၂၁ ရက် နံနက် ၇ နာရီခွဲက မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ရုံး၌ အခမဲ့စမ်းသပ်စစ်ဆေးပေးခဲ့သည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကန့်ဘလူမြို့နယ် ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ကျော်ကျော်ဇင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံအုပ် ဒေါ်သန်းသန်းလတ်နှင့် ဝန်ထမ်းများက ပင်စင်လာရောက်ထုတ်ယူသူ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား သွေးပေါင်ချိန်ခြင်း၊ သွေးတိုး၊ ဆီးချို၊ နှလုံး၊ ခါးနာ၊ ဒူးနာ စသည့် အခြေခံကျန်းမာရေးရောဂါဆိုင်ရာများကို ကျန်းမာရေးစစ်ဆေးခြင်း၊ ဆေးကုသပေးခြင်း၊ ရောဂါဝေဒနာရှင်အလိုက် ဆေးဝါးများ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် လိုအပ်သည်များကို စမ်းသပ်စစ်ဆေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂၅**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ အမှတ်(၁၂)အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ မဟာအောင်မြေမြို့နယ် အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းရီက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီက စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် လူငယ်များအနေဖြင့် စာအုပ်၊ စာစောင်များကို အမြဲလေ့လာဖတ်ရှုစေလိုကြောင်း၊ စာပေကို အမြဲလေ့လာဖတ်ရှုနေမှသာ အမှား၊ အမှန် ဝေဖန်ပိုင်းခြားနိုင်မည်ဖြစ်ကြောင်း စသည်များကို ဟောပြောခဲ့သည်။

ဆက်လက်၍ စာရေးဆရာ အိုးဝေ(မြေနီကျင်း)က လူငယ်နှင့် အောင်မြင်မှု ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်း စာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်၊ စာစောင်များကို ပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**(၀၅၆)**




ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## ကျေးဇူးကမ္ဘာ မြတ်ဆရာ

* ကကြီးရယ် ၊ ခကွေးတဲ့
ဘယ်လိုကွဲ့ ရေးသီ ၊
ဂငယ်ထွက် ၊ ကျက်အလီ
အေ - ဘီ - စီ သင်ကြား ။
မှတ်ပါ အတိအကျ ၊ ထပ်ခါသတိတရ
မြတ်အာစရိယ ဂုဏ်ထည်ဝါကို
စုံဆယ်ဖြာ ရှိခိုးဦးတင်လျက်သား ။

* တတ်သိသင့် ၊ ပညာအထွေထွေ
အစဉ်ရှာဖွေသင်ကြား ၊
တို့တပည့်တွေ အစဉ်အလာမမှားစေဖို့
ကြင်နာသနားပုံပြင် ။
အတတ်လည်းသင် ၊ သင့်ရာပို့ကာပ
မြင့်ရာသို့ မချို့တဲ့ ဝတ်ငါးအင် ။

* အတွေးအကြံကြီးသကွဲ့၊
ဘေးရန်ဆီးသနဲ့ ၊
အရေးအမှန်ကြီးတဲ့ မြတ်ဆရာရှင်ကို
မပြတ်ထာဝစဉ် စိတ်တွင် မှန်းပါလို့
ထိပ်တင်ပန်း ပမာပုံတူ ၊
စွဲမှတ်လို့ယူ ။
ပန်းပုရုပ်ကလေးတို့ ၊ ထုလုပ်ပေးသို့ ၊
သူ့စိတ်ဆေးတို့ စံနမူနာမှာ
သဏ္ဌာန်တူစွာ အံ့ချီးပါရလေး ။

* မြန်ပြည်ကောင်းဖို့ ၊ ကြံစည်ကြောင်းမို့ ၊
ဉာဏ်ရည်လောင်းလို့ ပုံသွင်းယူတယ် ၊
ထုံသင်းဇမ္ဗူ ရှုမငြီးစရာပလေး ။
ရှေးဦးစွာအစ ၊ အတွေးထူးလှုပါလှ ၊
ကျေးဇူးကမ္ဘာပ ၊ မြတ်ဆရာ အဆူဆူကို
မြတ်နိုးကြည်ဖြူ
ကန်တော့ပန်းဆင်ရလေး ။ ။

**အင်ကြင်းစု-မျိုးချစ်ဆွေ(မန္တလေး)**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၃၂)၊ ဦးပိုင်နံပါတ်(၂၀)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၆၀×၄၀)ပေ အကျယ်အဝန်းရှိ ဦးခင်မောင်စိန် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အစွန်ဆုံးအခြမ်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်ဌေးဝင်း(ဘ)ဦးစံမြ (၅/ကနန(နိုင်)၀၆၀၄၃၆) (၎င်း၏ကိုယ်စား ဒေါ်စန်းမြင့်ရီ(ဘ)ဦးမောင်ကို(၉/မခန(နိုင်)၀၂၈၉၄၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၀၀

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၃၂)၊ ဦးပိုင်နံပါတ်(၄)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ (၆၀×၄၀)ပေ အကျယ်အဝန်းရှိ ဒေါ်အေးမျှင် အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း(၃၀×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးအားဝ(ဘ)ဦးအာတော့(၉/မကန(နိုင်)၀၂၁၉၀၆)နှင့် ဦးရွှေဆာ(ဘ)ဦးရွှေသား(၁၃/မမတ(နိုင်)၀၇၀၅၉၁)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

| ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဒေါ်ယုသစင်အောင်(LL.M) | ဦးဖြိုးသာစန့် (LL.B) | ဦးစည်သူအောင် (LL.B) | ဒေါ်သဲမို့မို့ထွန်း (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၄၈)၊ ဦးပိုင်နံပါတ်(၅၅-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ (၄၀×၃၀)ပေ အကျယ်အဝန်းရှိ ဦးမြင့်ဦး အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း(၂၀×၃၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နုနုဝေ(ဘ)ဦးအုန်းလှိုင်(၅/ရဘန(နိုင်)၁၇၃၇၁၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၀၀

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၈)၊ ဦးပိုင်နံပါတ်(၁၂)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက၊ (၃၀×၄၀)ပေ အကျယ်အဝန်းရှိ ဦးသန်းနှင့် ဦးသန်းအောင်တို့ အမည်ဖြင့် ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမျိုးဇော်ဟိန်း(ဘ)ဦးမောင်ထွန်း(၉/ခမစ(နိုင်)၀၇၂၁၁၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဒေါ်ယုသစင်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၄၉)၊ ဦးပိုင်အမှတ်(၅၂)မြေကွက်၏ မြောက်ဘက်အစွန်ဆုံးနှင့်ကပ်လျက် တောင်ဘက်ခြမ်းဧရိယာ(၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အသုံးချ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးအောင်မိုး(ဘ)ဦးကျော်ရင်(၉/မကန(နိုင်)၀၈၇၉၂၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ဆက်သွယ်ကန့်ကွက်ခြင်းမရှိပါက ဤအရောင်းအဝယ်စာချုပ်အား ပြည့်မြောက်ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နိုင်နိုင်နွယ် (LL.B, LL.M, D.B.L) တရားလွှတ်တော်ရှေ့နေ**
**အကွက်(ဓဓ-၁၃ /၁၂)၊ (ဆ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။**
**ဖုန်း ၀၉-၂၅၆၂၄၉၈၁၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၃၄)၊ ဦးပိုင်အမှတ်(၄၇-က)၊ ဧရိယာ(၃၀×၄၀)ပေ အကျယ်အဝန်းရှိ ဦးတင်ညွန့် အမည်ဖြင့် ချထားရရှိထားသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦး၊ ရေမီတာ+လျှပ်စစ်မီးမီတာ၊ ဝင်းခြံအကာအရံအပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ဥပဒေနှင့်အညီ ဝယ်ယူပိုင်ဆိုင်ထားပြီး၊ စီမံခန့်ခွဲပိုင်ခွင့်၊ ရောင်းချလွှဲပြောင်းပိုင်ခွင့်ရှိပါသည်ဟု အဆိုပြုသူ ကမ်းလှမ်းရောင်းချသူ ဦးလှအောင်(ဘ)ဦးလှသောင်း(၉/မရမ(နိုင်)၀၈၅၇၂၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင် ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| ဦးဌေးအောင် (ဥပဒေဘွဲ့) | ဦးလှဝေ (B.A, H.G.P) | ဦးနိုင်လင်း (LL.B) | ဦးအောင်ဇော်မြင့် (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဦးမင်းချစ်သူ (LL.B) | ဒေါ်စာခြည်ဝင်း (LL.B) | ဒေါ်ခင်ဖြိုးဝင်း (LL.B) |
|---|---|---|
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အကွက်(နန-၃၀/၁)၊ (ဓ)ရပ်ကွက်၊ ၅၅လမ်းနှင့် မင်္ဂလာလမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၂၆၈၀၈၅၈၁ ၊ ၀၉-၇၉၇၄၉၀၆၁၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၂)၊ ဦးပိုင်အမှတ်(၃၀)မြေကွက်၏ တောင်ဘက်အစွန်ဆုံးနှင့်ကပ်လျက် မြောက်ဘက်ခြမ်းဧရိယာ(၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦး၊ (ရေ+မီး)အစုံအပါအဝင် ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အသုံးချ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးစိုင်းနောင်(ဘ)ဦးတင်အုန်း(၁/မကန(နိုင်)၀၂၃၈၁၉)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ဆက်သွယ်ကန့်ကွက်ခြင်းမရှိပါက ဤအရောင်းအဝယ်စာချုပ်အား ပြည့်မြောက်ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နိုင်နိုင်နွယ် (LL.B, LL.M, D.B.L) တရားလွှတ်တော်ရှေ့နေ**
**အကွက်(ဓဓ-၁၃ /၁၂)၊ (ဆ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။**
**ဖုန်း ၀၉-၂၅၆၂၄၉၈၁၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၉)၊ ဦးပိုင်အမှတ်(၇၂)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧက အကျယ်အဝန်းရှိ ဦးမြမောင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ် အဆောက်အဦး၊ ရေ+လျှပ်စစ်မီးမီတာ၊ ဝင်းခြံအကာအရံအပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ဥပဒေနှင့်အညီ ဝယ်ယူပိုင်ဆိုင်ထားပြီး၊ စီမံခန့်ခွဲပိုင်ခွင့်၊ ရောင်းချလွှဲပြောင်းပိုင်ခွင့်ရှိပါသည်ဟု အဆိုပြုသူ ကမ်းလှမ်းရောင်းချသူ ဒေါ်လှကြိုင်ဖြူ(ခ)ဒေါ်လှကြိုင်(ဘ)ဦးအောင်သာထွန်း(ခ)သာထွန်း(၁၂/သကတ(နိုင်)၁၃၄၀၇၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| ဦးဌေးအောင် (ဥပဒေဘွဲ့) | ဦးလှဝေ (B.A, H.G.P) | ဦးနိုင်လင်း (LL.B) | ဦးအောင်ဇော်မြင့် (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဦးမင်းချစ်သူ (LL.B) | ဒေါ်စာခြည်ဝင်း (LL.B) | ဒေါ်ခင်ဖြိုးဝင်း (LL.B) |
|---|---|---|
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အကွက်(နန-၃၀/၁)၊ (ဓ)ရပ်ကွက်၊ ၅၅လမ်းနှင့် မင်္ဂလာလမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၂၆၈၀၈၅၈၁ ၊ ၀၉-၇၉၇၄၉၀၆၁၀**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၂၅)၊ ဦးပိုင်အမှတ်(၆၇)မြေကွက်ပေါ်တွင် ဒေါ်ဆောင်မေကျောင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ကခန(နိုင်)၀၂၅၄၅၈)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ်(၄၉၇)၊ ဦးပိုင်အမှတ်(၁၀၁)မြေကွက်ပေါ်တွင် ဒေါ်ယုယုနွယ် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ဆလက(နိုင်)၁၁၂၄၇၂)က RC (၄)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ အကွက်အမှတ်(၅၀၀)၊ ဦးပိုင်အမှတ်(၉)မြေကွက်ပေါ်တွင် ဒေါက်တာ ခင်ဆွေရီ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ကသန(နိုင်)၀၃၂၉၃၉)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၇)၊ ဦးပိုင်နံပါတ်(၁၅-ခ) ဟု ခေါ်တွင်သော မြေဧရိယာ (၀.၀၁၃၇)ဧက အကျယ်အဝန်းရှိ ဒေါ်အဖွိုဇာဘီဘီ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ၁။ ဦးစိုင်းရွှေဝင်း(ဘ)ဦးကွမ်ဝိန်ဟိန်း(၁၃/ကမန(နိုင်)၀၅၆၅၆၄)နှင့် ၂။ ဒေါ်သီဂီဝင်း(ဘ)ဦးသိန်းဝင်း(၉/မကန(နိုင်)၀၂၆၀၈၁) [ရောင်းချသူ အမှတ်စဉ်-၂ ၏ ကိုယ်စား အမှတ်စဉ်-၁ ]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ –**

**ဒေါ်အေးစုထွန်း(LL.B , LL.M , DBL)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာမာဌေး(LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၃၅)၊ ဦးပိုင်နံပါတ်(၂၅) ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဒေါ်အေးအေးမာ အမည်ပေါက် မြေကွက်၏ မြောက်ဘက်အစွန်ဆုံးအခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဝင်းဆန်း(ဘ)ဦးတင်(၉/မနမ(နိုင်)၀၈၆၈၇၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၀၀

## အများသိစေရန် အသိပေးကြေညာခြင်း

ဦးမော်ဇိုင်ကြွေး(ဘ)ဦးမော်ခွမ်းရင်(၁၃/ကခန(နိုင်)၁၁၈၁၂၇)မှ ဦးလှမြင့်(ဘ)ဦးမြမောင် (AMA-၀၉၆၆၉၁) ၎င်း၏ အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်သီတာအောင်(ဘ)ဦးတင်အောင် (၉/မရမ(နိုင်)၀၁၀၈၁၇)တို့သိစေရန် အကြောင်းကြားအပ်ပါသည်။

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခေ-၄)၊ ဦးပိုင်အမှတ်(၃၈)၊ မြေဧရိယာ(၀ ဒသမ ၀၅၅)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးလှမြင့် အမည်ဖြင့် ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ကို လူကြီးမင်း၏ အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်သီတာအောင်ထံမှ ကျွန်တော် ဦးမော်ဇိုင်ကြွေး ဝယ်ယူပိုင်ဆိုင်၍ နေအိမ်ဆောက်လုပ်ကာ ယနေ့အချိန်ထိ နေထိုင်လျက်ရှိပါသည်။ လူကြီးမင်းနှင့် ကျွန်တော် ဦးမော်ဇိုင်ကြွေး အရောင်းအဝယ်စာချုပ် ချုပ်ဆိုစဉ်က ကတိကဝတ်ပြုခဲ့သည့်အပေါ် မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခေ-၄)၊ ဦးပိုင်အမှတ်(၃၈)၊ မြေဧရိယာ(၀ ဒသမ ၀၅၅)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ တရားဝင်မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် ဝယ်ယူသူမှ ခေါ်ယူသောအခါ လိုက်ပါလက်မှတ်ရေးထိုးပါမည်ဟုဆိုသည့်အတိုင်း လူကြီးမင်းကိုယ်တိုင်မှဖြစ်စေ၊ လူကြီးမင်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာရသူမှဖြစ်စေ၊ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ကို သက်ဆိုင်ရာမှတ်ပုံတင်ရုံး၌ လိုက်လံ၍ ဆောင်ရွက်ချုပ်ဆိုပေးနိုင်ရန်အတွက် ဤသတင်းစာကြေညာသည့်ရက်မှ (၁၄)အတွင်း လာရောက်ချုပ်ဆိုပေးနိုင်ပါရန် အသိပေးအပ်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ဆောင်ရွက်ပေးခြင်းမရှိပါက သက်ဆိုင်ရာမှတ်ပုံတင်စာချုပ်စာတမ်းရုံး၌ ဥပဒေနှင့်အညီ ချုပ်ဆိုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
|---|---|
| **ဦးမော်ဇိုင်ကြွေး(ဘ)ဦးမော်ခွမ်းရင်** | **ဒေါ်စန္ဒာအောင်(LL.B) အထက်တန်းရှေ့နေ** |
| **(၁၃/ကခန(နိုင်)၁၁၈၁၂၇)** | **(စဉ်-၅၃၇၄၁)/ နေ့စွဲ ၂၈-၁၀-၂၀၂၀** |
| **အကွက်အမှတ်(ခေ-၄)၊** | **၁၁၄လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊** |
| **ဦးပိုင်အမှတ်(၃၈)၊** | **ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။** |
| **ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။** | **ဖုန်း ၀၉-၇၉၇၇၁၄၂၂** |

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ငင-၅)တွင် တည်ရှိသော ဦးပိုင်အမှတ်(၁၂၆-က)၊ (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ စလစ်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးမင်းဆွေ (၉/မရတ(နိုင်)၀၄၆၇၈၀)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်း များနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးလှမိုး (ဥပဒေဘွဲ့)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)** — **တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဒ-၁၁ /၄၄)၊ ၃၉လမ်းနှင့် လမ်း၄၀ကြား၊ ၆၃လမ်းနှင့် ၆၄လမ်းကြား၊**
**တမာလမ်းသွယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း 09-2070007၊ 09-792070007၊ 09-43250000**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၇)၊ ဦးပိုင်နံပါတ်(၂၂၂)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဒေါ်ကြည် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း (၁၄ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိ လွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အေးအေးသင်း(ဘ)ဦးမောင်လေး(၅/ကသန(နိုင်)၀၅၄၃၀၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**
**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစ်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၁၀)၊ ဦးပိုင်နံပါတ်(၂၀)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဦးထွန်းဝင်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၂၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဉာဏ်ကြွယ်(ဘ)ဦးညို(၅/ယမပ(နိုင်)၀၄၃၄၀၀)[၎င်း၏ကိုယ်စား သမီးဖြစ်သူ ဒေါ်သိန်းဌေး(ဘ)ဦးဉာဏ်ကြွယ်(၅/ယမပ(နိုင်)၀၄၃၄၀၅)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**
**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစ်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၄)၊ ဦးပိုင်နံပါတ်(၈၃)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)၏ အနောက်ဘက်ခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ ဒေါ်အမာတင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိ လွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်စိုးစိုးဝေ(ဘ)ဦးပိုလေး(၅/မရန(နိုင်)၁၆၂၅၇၆) [၎င်း၏ကိုယ်စား ဒေါ်လှိုင်မိုးလှိုင်(ဘ)ဦးဝင်းထင်(၉/ခမစ(နိုင်)၀၂၇၇၉၃)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**
**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစ်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၈)၊ ဦးပိုင်နံပါတ်(၁၂၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဦးသိန်းနိုင်ဝင်းနှင့် ဒေါ်ဂျမ်းတို့အမည်ဖြင့် ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဌေး(ဘ)ဦးဆန်ပေါင်း(၁/မကတ(နိုင်)၀၆၃၁၈၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**
**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစ်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အကွက်(၅၀၄/က)နေ ဦးလှဝင်း(ဘ)ဦးစံ(၉/မရတ(နိုင်)၀၁၅၃၂၆)၊ ဒေါ်ညိမ်းရီ(ဘ)ဦးတင်အောင်(၉/မရတ(နိုင်)၀၁၅၃၂၇)ကိုင်ဆောင်သူတို့မှ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

သမီးဖြစ်သူ မအေးမဥ္ဇူအောင်(ခ)မအိတုံ(၉/မဟမ(နိုင်)၀၃၁၅၁၂)ကိုင်ဆောင်ထားသည့် ဦးလှဝင်း+ဒေါ်ညိမ်းရီတို့၏ ပြောစကားများကို နာခံမှုမရှိဘဲ မိဘနစ်ပါးအား စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် ပြုမူလာပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေ ပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို နောက်နောင်တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများ သိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဝင်း** **(၉/မရတ(နိုင်)၀၁၅၃၂၆)**
**ဒေါ်ညိမ်းရီ** **(၉/မရတ(နိုင်)၀၁၅၃၂၇)**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(H-၂၄၅)၊ ဦးပိုင်အမှတ်(၁၀+၁၁+၁၂+၁၃)၊ ဧရိယာ(၀ ဒသမ ၂၂၀၄)ဧက အကျယ်အဝန်းရှိ မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးစိုးနိုင်(ဘ)ဦးအောင်ငွေ(၉/ညဥန(နိုင်)၁၃၅၆၄၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်များ၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| | | | | |
|---|---|---|---|---|
| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁-အေ လမ်းနှင့်၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(H-၂၄၅)၊ ဦးပိုင်အမှတ်(၈+၉+၁၄+၁၅)၊ ဧရိယာ(၀ ဒသမ ၂၂၀၄)ဧက အကျယ်အဝန်းရှိ မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ခင်သီတာ(ဘ)ဦးအောင်ငွေ(၇/အဖန(နိုင်)၀၀၁၅၇၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်များ၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| | | | | |
|---|---|---|---|---|
| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁-အေ လမ်းနှင့်၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၆)၊ ဦးပိုင်နံပါတ်(၆၄-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ · ၀၁၃၇)ဧက၊ ပေ(၂၀×၃၀) အကျယ်အဝန်းရှိ ဒေါ်တော အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၁၀×၃၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်သူဇာဝင်း(ဘ)ဦးဝင်းမောင်(၉/မရမ(နိုင်)၀၈၂၅၅၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဒေါ်အေးစုထွန်း (LL.B, LL.M, DBL)** | **ဒေါ်မာမာဌေး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၈)၊ ဦးပိုင်နံပါတ်(၃၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဦးသံချောင်း(ခ)ဦးသန်ချောင်း အမည်ပေါက် ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၁၅×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးစိုးလင်းဦး(ဘ)ဦးကျော်လွင်(၉/ခအဇ(နိုင်)၀၀၆၇၇၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **ဝယ်ယူသူ၏လွှဲအပ်ချက်အရ-** | **ဦးတင်အောင်မိုး (LL.B, LL.M)** | **ဒေါ်အိအိမွန် (LL.B, LL.M)** |
| | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

| | | | |
|---|---|---|---|
| **ဒေါ်ယုသစင်အောင် (LL.M)** | **ဒေါ်အေးနန္ဒာထွန်း (LL.B)** | **ဒေါ်မာလာစိုး (LL.B)** | **ဒေါ်ဖူးသန့်မွန် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃-က)၊ ဦးပိုင်နံပါတ်(၃၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀.၀၆)ဧက၊ (၄၀×၆၅)ပေ အကျယ်အဝန်းရှိ ဦးနေလင်း အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း (၂၀×၆၅)ပေ [မြေပြင်တွင် (၂၀×၆၀)ပေ] အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးရှိုင်းဝဏ္ဏမင်း(ဘ)ဦးမျိုးမင်းညွှန့်(၉/မဟမ(နိုင်)၀၈၄၂၂၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဒေါ်အေးစုထွန်း (LL.B, LL.M, DBL)** | **ဒေါ်မာမာဌေး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၃၈)၊ ဦးပိုင်နံပါတ်(၃၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)၏ အရှေ့ဘက်ခြမ်း ပေ(၁၄×၄၀) အကျယ်အဝန်းရှိ ဦးသိန်းအောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ကြည်ကြည်ညွန့်(ဘ)ဦးခင်မောင်ကြည်(၉/မရတ(နိုင်)၀၉၇၅၁၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **ဝယ်ယူသူ၏လွှဲအပ်ချက်အရ-** | **ဦးတင်အောင်မိုး (LL.B, LL.M)** | **ဒေါ်အိအိမွန် (LL.B, LL.M)** |
| | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

| | | | |
|---|---|---|---|
| **ဒေါ်ယုသစင်အောင် (LL.M)** | **ဒေါ်အေးနန္ဒာထွန်း (LL.B)** | **ဒေါ်မာလာစိုး (LL.B)** | **ဒေါ်ဖူးသန့်မွန် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မဟာဓေယျာဘုံရပ်ကွက်၊ အကွက်(၄၉၂-ခ)၊ ဦးပိုင်(၂၂)၊ မြေကွက်ပေါ်တွင် ဦးအေးမင်းဂျိုး (ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၁၃/တကန(နိုင်)၁၈၉၆၇၃)က SS (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၅၈၈-စ)၊ ဦးပိုင်အမှတ်(၇/၁၇-က)၊ မြေကွက်ပေါ်တွင် ဒေါ်ရီရီ နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၉/အမရ(နိုင်)၀၃၀၇၅၅)က SS (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်(၁၀)၊ ဦးပိုင်(၁-က)၊ မြေကွက်ပေါ်တွင် ဒေါ်ယဉ်ယဉ်နွဲ့ (ပါ-၆) နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၉/မနမ(နိုင်)၀၆၄၅၉၀)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၀၀-၉)၊ ဦးပိုင်အမှတ်(၃၂)၊ မြေကွက်ပေါ်တွင် ဦးဝင်းဗိုလ် (ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၅/ငဇန(နိုင်)၀၁၄၂၂၉)က SS (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အမည်မှန်

(အဘ)ဦးထွန်းမင်းသူ ၏ သမီး တံတားဦးမြို့နယ်၊ ထန်းလုံးတပ်အခြေခံပညာအထက်တန်းကျောင်း(ခွဲ) Grade-6 မှ **မဖြိုးခိုင်ခိုင်မြင့်**၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မဖြိုးသီရိထွန်း** ဖြစ်ကြောင်း။

**မဖြိုးသီရိထွန်း**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ အကွက်အမှတ်(၅၉၉)၊ ဦးပိုင်အမှတ်(၁၅-ခ)၊ မြေကွက်ပေါ်တွင် ဒေါ်နေနှယ်ဦး နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၉/အမရ(နိုင်)၁၀၄၄၆၂)က RC (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနား ကျင်းပ



နေပြည်တော် ဩဂုတ် ၂၅

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် မုဒုံမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း၊ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း(အမျိုးသား / အမျိုးသမီး) နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များနှင့် ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၂၅

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အားကစားရုံ(A)၌ ဩဂုတ် ၂၄ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ၁၀ ရက်ကြာ ကျင်းပလျက်ရှိရာ ယနေ့တွင် (အမျိုးသား/အမျိုးသမီး) နှစ်ယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့သည်။

အမျိုးသားနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များအဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ် အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ မွန်ပြည်နယ်အသင်းက မန္တလေး တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်း ကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက ချင်းပြည် နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန် တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကွာတား ဖိုင်နယ်ပွဲစဉ်များအဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက မန္တလေးတိုင်းဒေသကြီး အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်း တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို စာမျက်နှာ ၁၀ သို့ ❒



# ဆည်တော်ကြီးရေလှောင်တမံမှ ရေလျှော့ချထုတ်လွှတ်ရန် အစီအစဉ်မရှိသေး

မန္တလေး ဩဂုတ် ၂၅

ဆည်တော်ကြီးရေလှောင်တမံ၏ ရေဆင်းဧရိယာအတွင်းရှိ မိုးကုတ်နှင့် နောင်ချိုမြို့နယ်များတွင် မိုးရွာသွန်းမှုနည်းပါးလာသဖြင့် တမံအတွင်း ရေဝင်ရောက်မှုလည်း လျော့နည်းလာကြောင်း သိရသည်။

ဩဂုတ် ၂၅ ရက်အခြေအနေအရ ဆည်တော်ကြီးရေလှောင်တမံ၏ ရေမှတ်မှာ ၄၁၃ ဒသမ ၈ ပေ ရှိပြီး ရေပြည့်မှတ်ရောက်ရန် ၅ ဒသမ ၇ ပေ လိုအပ်နေသေးကြောင်း မန္တလေးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဦးမျိုးမင်းသန့် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)က ပြောသည်။

လက်ရှိတွင် တမံမှ လျှပ်စစ်နှင့် စိုက်ပျိုးရေအတွက်သာ အဓိက ထုတ်ယူသုံးစွဲနေပြီး တမံအတွင်း ဝင်ရောက်လာသည့်ရေကိုလည်း စနစ်တကျ ထိန်းညှိစီမံနေကြောင်း သိရသည်။

ထို့ကြောင့် ဆည်တော်ကြီး ရေလှောင်တမံမှ ရေလျှော့ချ ထုတ်လွှတ်ရန် အစီအစဉ် မရှိသေးကြောင်း တာဝန်ရှိသူများက အသိပေးထားသည်။

လူမှုကွန်ရက်စာမျက်နှာ အချို့တွင် မမှန်ကန်သော သတင်းများကြောင့် အများပြည်သူများ စိုးရိမ်မှုများ ဖြစ်ပေါ်နေသဖြင့် ဆည်တော်ကြီးရေလှောင်တမံနှင့် ရေသောက်စနစ်၏ တရားဝင် Facebook စာမျက်နှာမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (အောက်ပုံ)

ရွှေမန်း



# MFF Charity Shield 2026 ရန်ပုံငွေ ကွင်းဖွင့်ပွဲဖလား ချန်ပီယံဆုကို ရှမ်းယူနိုက်တက်အသင်း ဆွတ်ခူး

ရန်ကုန် ဩဂုတ် ၂၅

MFF Charity Shield 2026 ရန်ပုံငွေ ကွင်းဖွင့်ဖလား ပွဲစဉ်ကို ယနေ့ ညနေ ၅ နာရီက သုဝဏ္ဏကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းယူနိုက်တက်အသင်းက ရန်ကုန်ယူနိုက်တက်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၈၂ မိနစ်တွင် အက်ဒ်ဆန် ဂျူနီယာက သွင်းယူပေးခဲ့သည်။

ရှမ်းယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့သည် ပြိုင်ပွဲ သမိုင်းတစ်လျှောက် ထိပ်တိုက်တွေ့ဆုံမှု လေးကြိမ်တွင် ရှမ်းယူနိုက်တက်အသင်းက သုံးကြိမ် အနိုင်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းက တစ်ကြိမ် အနိုင်ရရှိထားသည်။

ယနေ့ပွဲစဉ်မှရရှိသည့် ကွင်းဝင်ကြေးများအားလုံးကို ရေဘေးသင့်ပြည်သူများထံ လှူဒါန်းသွားမည်ဖြစ်ပြီး ပွဲမစတင်မီတွင် ဖြိုးကြီး၊ ဖြိုးပြည့်စုံ၊ မေခလာ၊ ဂျူဝယ်စသည့် အနုပညာရှင်များ၏ ဖျော်ဖြေမှုများ နှင့်အတူ ကံစမ်းမဲအစီအစဉ်များဖြင့် စည်ကားစွာ ကျင်းပခဲ့သည်။

(NGB)

